

New Myanmar Foundation

# လူ့အခွင့်အရေး ချိုးဖောက်မှု သုံးလပတ်အစီရင်ခံစာ

မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ

Photo credit : Jurist
https://www.jurist.org/commentary/2024/03/youth-caught-in-the-crossfire-the-devastating-impact-of-myanmars-conscription-law/

## ဖေဖော်ဝါရီလမှ မတ်လအထိ
## ၂၀၂၄

လူ့အခွင့်အရေးအစီအစဉ်မှ တင်ဆက်သည်။

www.newmyanmarfoundation.org

NEW MYANMAR FOUNDATION
Building A Strong Foundation For Our Society

Email: contact@newmyanmarfoundation.org
Website: https://newmyanmarfoundation.org

# ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ လူ့အခွင့်အရေးချိုးဖောက်မှုများ မှတ်တမ်းတင်ခြင်းနှင့် စပ်လျဥ်းသည့် ၃ လပတ်အစီရင်ခံစာ

ထုတ်ပြန်သည့် နေ့စွဲ - ဧပြီလ၂၅ ရက်၊ ၂၀၂၄ ခုနှစ်။

၁။ နိဒါန်း ....... 3

၂။ မှတ်တမ်းတင်ထားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အကြမ်းဖက်မှု ဖြစ်စဉ်များ ကို ရှင်းလင်းတင်ပြခြင်း ....... 4

၂.၁။ ဥပဒေမဲ့ဖမ်းဆီးချုပ်နှောင်ခြင်း ....... 4

(က) ဘာသာရေးပုဂ္ဂိုလ်များနှင့် ထိခိုက်နစ်နာလွယ်အုပ်စုဝင်များအား ဖမ်းဆီးခြင်း ....... 4

(ခ) တက်ကြွလှုပ်ရှားသူများနှင့် အာဏာဖီဆန် ဆန့်ကျင်သည့်လှုပ်ရှားမှုတွင် ပါဝင်သော ဝန်ထမ်းများ အား ဖမ်းဆီးခြင်း ....... 5

၂.၂။တပ်သားသစ်စုဆောင်းခြင်း၊ အဓမ္မစစ်မှုထမ်းစေခြင်းနှင့် စစ်မှုထမ်းဥပဒေနှင့် ဆက်စပ်၍ ထပ်မံလေ့လာတွေ့ရှိရသော လူ့အခွင့်အရေးချိုးဖောက်မှု များ ....... 6

၂.၃။ ဥပဒေမဲ့သတ်ဖြတ်ခြင်း ....... 8

၂.၄။ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားလူမဆန်စွာပြုမူဆက်ဆံခြင်း ....... 9

၂.၅။လေကြောင်းတိုက်ခိုက်မှုအပါအဝင်စစ်လက်နက်ပစ္စည်းများသုံး၍တိုက်ခိုက် ခြင်း ....... 10

(က)လေကြောင်းတိုက်ခိုက်မှုများ ....... 11

(ခ) လက်နက်ကြီးဖြင့် လူနေရပ်ရွာများကို ပစ်ခတ်တိုက်ခိုက်ခြင်း ....... 12

၂.၆။ ထိခိုက်နစ်နာလွယ်အုပ်စုဝင်များနှင့် နိုင်ငံရေးအကျဉ်းသားများအား အကြမ်းဖက်ခြင်း ....... 14

(က) ကလေးသူငယ်များအား သတ်ဖြတ်ခြင်းနှင့် ထိခိုက်ဒဏ်ရာရစေခြင်း ....... 15

(ခ) သက်ကြီးရွယ်အိုများအား တိုက်ခိုက်ခြင်း ....... 16

(ဂ) လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း ....... 17

(ဂ) ရိုဟင်ဂျာလူနည်းစုဝင်များအား အကြမ်းဖက်ခြင်း ....... 18

(ဃ) နိုင်ငံရေးအကျဉ်းသားများအား အကြမ်းဖက်ခြင်း ....... 18

၂.၇။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့်၊ အသင်းအဖွဲ့ဖွဲ့စည်းခွင့်ကို ပိတ်ပင်ခြင်း ....... 20

၂.၈။စစ်တပ်ဆန့်ကျင်အဖွဲ့အစည်းများနှင့်အမည်မသိလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကျူးလွန်မှုများ .. 21

၃။ တွေ့ရှိချက်များကို ကိန်းဂဏန်းအချက်အလက်များဖြင့် အကျဉ်းချုပ်တင်ပြခြင်း ....... 23

၃.၁။ အဖြစ်အများဆုံး လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစားများ နှင့် ချိုးဖောက်ခံရသူအမျိုးအစားများ ........ 26
၃.၂။ ချိုးဖောက်မှု အမျိုးမျိုးအနက် သတိပြုစရာဖြစ်သည့် ပြောင်းလဲမှု ပုံစံများ ........ 28
၃.၃။ အရပ်သားပြည်သူများအပေါ် စစ်လက်နက်များ အသုံးပြုခြင်း ........ 29
၃.၄။ စစ်တပ်၏ မတရား ဖမ်းဆီးချုပ်နှောင်မှု ပုံစံ အမျိုးမျိုး ........ 32
၄။ နိဂုံး ........ 34

## ၁။ နိဒါန်း

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်တပ် အာဏာသိမ်းပြီးချိန်မှစ၍ မြန်မာပြည်သူများ၏ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများသည် နေ့စဉ်နှင့်အမျှ ပိုမိုများပြားလာခဲ့သည်။ နယူးမြန်မာဖောင်ဒေးရှင်းသည် လူ့အခွင့်အရေးအစီအစဉ်ကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ခဲ့ပြီး လူ့အခွင့်အရေးမှတ်တမ်းဌာနအနေဖြင့် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ စစ်တပ်နှင့်အခြားသော အဖွဲ့အစည်းများ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင် လျက်ရှိသည်။ ဤအစီရင်ခံစာတွင် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့ အထိ၊ သုံးလတာကာလအတွင်း မြန်မာပြည်သူများထိခိုက်နစ်နာခဲ့ရသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ပြည်နယ်/တိုင်းဒေသကြီးအလိုက် နှင့် ချိုးဖောက်မှုအမျိုးအစားများ အလိုက် စနစ်တကျ မှတ်တမ်းတင် ထားရှိပါသည်။

၂၀၂၄ခုနှစ်၊ ပထမ သုံးလပတ်အတွင်း မြန်မာပြည်သူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ် စုစုပေါင်း (၁၀၈၁)ခု ကောက်ယူမှတ်တမ်းတင်နိုင်ခဲ့သည်။ ပြည်သူပိုင်ပစ္စည်းများအားမီးရှို့ဖျက်ဆီးခြင်း/ အခြားသောနည်းလမ်းများဖြင့်ပျက်စီးစေခြင်း/မတရားသိမ်းယူခြင်းဖြစ်စဉ်မှာ အများဆုံး ဖြစ်ပြီး ၃၉၇ ခု ကောက်ယူရရှိခဲ့သည်။ မီးရှို့မှု၊ အခြားသောနည်းလမ်းများဖြင့်ပျက်စီးစေခြင်း၊ မတရားသိမ်းယူခြင်းတို့ကြောင့် နေအိမ်နှင့်အဆောက်အဦ ၉၃၃၉ ဆုံးရှုံးခဲ့ရပြီး လူပေါင်း ၆၁၁၄၃၃ ခန့် နေရပ်စွန့်ခွာတိမ်းရှောင်ခဲ့ရသည်။ ဒုတိယ ချိုးဖောက်မှုအများဆုံးမှာ အရပ်သားပြည်သူများအား ဥပဒေမဲ့သတ်ဖြတ်ခြင်းဖြစ်ပြီး ဖြစ်စဉ်စုစုပေါင်း (၃၆၆) ခု မှတ်တမ်းတင်နိုင်ခဲ့သည်။နည်းလမ်းအမျိုးမျိုးဖြင့် ဥပဒေမဲ့ သတ်ဖြတ်မှုများကြောင့် အရပ်သား(၇၆၅) ဦး သေဆုံးခဲ့ရပြီး ကလေးငယ်ပေါင်း(၈၂)ဦး သေဆုံးခဲ့ရသည်။ တတိယအများဆုံး ကျူးလွန်မှု အမျိုးအစားမှာ ထိခိုက်ဒဏ်ရာရစေခြင်း ဖြစ်စဉ်ဖြစ်ပြီး(၂၆၇) ခုကောက်ယူရရှိခဲ့ပါသည်။ ကောက်ယူရရှိခဲ့သည့် မှတ်တမ်းများ အရ ၂၀၂၄ ခုနှစ် ပထမသုံးလပတ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး တို့တွင် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အများဆုံးဖြစ်ပွားသည်ကိုတွေ့ရှိရပါသည်။ ထို့အပြင် ဤကာလအတွင်း စစ်မှုထမ်းဥပဒေအကြောင်းပြကာ နိုင်ငံအနှံ့အပြားတွင် လူငယ်လူလတ်ပိုင်း အမြောက်အမြား ဖမ်းဆီးခံရမှုများ ပိုမိုများပြားလာပြီး ဖြစ်စဉ်(၁၉၁)ခုကောက်ယူရရှိခဲ့ပါသည်။

ယခုမှတ်တမ်းတွင်ပါရှိသော လူ့အခွင့်အရေးချိုးဖောက်မှုများကို အွန်လိုင်းသတင်းမီဒီယာများနှင့် နယူးမြန်မာဖောင်ဒေးရှင်း၏ လူ့အခွင့်အရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်း ၃ ခုရှိ မြေပြင်သတင်းအချက်အလက် ကောက်ယူသူများနှင့် သီးခြားမြေပြင်အချက်အလက်ကောက်ယူသူများမှ ပေးပို့လာသော သတင်းများမှ စုစည်းပြုစုထားခြင်းဖြစ်ပါသည်။ သတင်းမီဒီယာများတွင် ဖော်ပြခြင်းမရှိသော ဖြစ်ရပ်အချို့နှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု များကဲ့သို့ နစ်နာသူများမှ အများပြည်သူထံသို့ မဖော်ပြလိုသော ဖြစ်ရပ်များလည်း ရှိနိုင်သောကြောင့် မြေပြင်အခြေအနေများနှင့် အနည်းငယ် ကွဲလွဲမှုများ ရှိနိုင်ပါသည်။

လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ ပိုမိုသိရှိလို၍ဖြစ်စေ ဝေဖန်အကြံပြုလို၍ဖြစ်စေ အောက်ဖော်ပြပါ Signal နံပါတ်နှင့် အီးမေးလ်လိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

New Myanmar Foundation – Human Rights Program

sto.dataeditor.nmf@gmail.com, hrd.dataeditor.nmf@gmail.com

Signal - +၆၆၆၁၈၈၅၇၂၀၇

+၆၆၆၁၈၈၅၉၆၆၂

## ၂။ မှတ်တမ်းတင်ထားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အကြမ်းဖက်မှု ဖြစ်စဉ်များကို ရှင်းလင်းတင်ပြခြင်း

## ၂.၁။ ဥပဒေမဲ့ဖမ်းဆီးချုပ်နှောင်ခြင်း

မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရမှု အများဆုံးဖြစ်စဉ်များအနက် တစ်ခုမှာ နိုင်ငံအနှံ့အပြားရှိ အရပ်သားပြည်သူများကို ဥပဒေမဲ့ဖမ်းဆီး ချုပ်နှောင်မှု ဖြစ်စဉ်များဖြစ်ပါသည်။ စစ်သား၊ ရဲနှင့် ၎င်းတို့၏ လက်အောက်ခံပုဂ္ဂိုလ်များ (သို့) အစုအဖွဲ့များသည် ကျေးရွာများ (သို့) ရပ်ကွက်များသို့ စစ်ကြောင်းထိုး၊ ဝင်ရောက်စီးနင်းစဉ် အရပ်သားပြည်သူများကို အကြောင်းမဲ့ဖမ်းဆီးခြင်းများရှိခဲ့ပါသည်။ စစ်တပ်၏ "အကြမ်းဖက်မှုတိုက်ဖျက်ရေး" ခေါင်းစဉ်အောက်တွင် ပြည်သူများကိုဖိနှိပ်အကြမ်းဖက်၍ အဓမ္မဖမ်းဆီး၊ ညဉ်းပန်းနှိပ်စက်၊ သတ်ဖြတ်မှုများကျူးလွန်ရာတွင်လည်း စစ်တပ်ဆန့်ကျင်သော လူပုဂ္ဂိုလ်များ (သို့) အုပ်စုများ၊ လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများကို "အကြမ်းဖက်သမားများ"အဖြစ် ပုံဖော်ကာ တရားလက်လွတ် ဖမ်းဆီးမှုများကို တွင်ကျယ်စွာအသုံးပြုခဲ့သည်။ ၎င်းတို့ဖမ်းဆီးသောသူများတွင် ကလေးသူငယ်များ၊ လူငယ်များ၊ အသက်အရွယ်ကြီးသူများနှင့် CDM ဝန်ထမ်းများပါဝင်ခဲ့သည်။

ဖေဖော်ဝါရီလ ၁ဂရက်နေ့တွင် စစ်မှုထမ်းဥပဒေကို ထုတ်ပြန်ကြေညာပြီးနောက် စစ်တပ်၏ အဓမ္မဖမ်းဆီးမှုများမှာ နိုင်ငံအနှံ့အပြားတွင် ပိုမိုများပြားလာခဲ့ပြီး ကျေးလက်မြို့ပြရပ်ကွက်များသာမက စစ်ဘေးရှောင်စခန်းများအထိပါ လူငယ်လူလတ်ပိုင်းများကို ပစ်မှတ်ထား၍ အရေအတွက်အများအပြား ဝင်ရောက်ဖမ်းဆီးခေါ်ယူနေသည်ကို တွေ့ရှိရပါသည်။ ဤအစီရင်ခံစာရေးသားသည့် ကာလအတွင်း ဥပဒေမဲ့ဖမ်းဆီးမှုဖြစ်စဉ်ပေါင်း (၁၉၁) ခု ကောက်ယူရရှိခဲ့ပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး တို့တွင် အများဆုံး ဖြစ်ပွားသည်ကို တွေ့ရှိရသည်။ထို့အတူ စစ်တပ်ဆန့်ကျင် အဖွဲ့အစည်းများမှ Non CDM ဝန်ထမ်းများအား ဥပဒေမဲ့ဖမ်းဆီးမှုဖြစ်စဉ် (၇ )ခုကို ကောက်ယူရရှိခဲ့ပြီး ဥပဒေမဲ့ ဖမ်းဆီးမှု ဖြစ်စဉ်စုစုပေါင်း၏ ၃% ဖြစ်သည်။

### (က) ဘာသာရေးပုဂ္ဂိုလ်များနှင့် ထိခိုက်နစ်နာလွယ်အုပ်စုဝင်များအား ဖမ်းဆီးခြင်း

စစ်တပ်သည် အရပ်သားပြည်သူများကို စွပ်စွဲချက်အမျိုးမျိုး၊ အကြောင်းပြချက် အမျိုးမျိုး ဖြင့် ဖမ်းဆီးခဲ့မှုများအနက် ဤအစီရင်ခံစာရေးသားသည့်ကာလအတွင်း ဘာသာရေးပုဂ္ဂိုလ်များကို လူမှုကွန်ယက်ပေါ်တွင် ဝေဖန်စာမျှဝေခြင်းကြောင့် ဖမ်းဆီးခြင်းအပါအဝင် အကြောင်းပြချက်မရှိဥပဒေမဲ့ဖမ်းဆီးခြင်းများ ကို တွေ့ရှိရပြီး ကလေးငယ်များ၊ အမျိုးသမီးများ၊ အသက်အရွယ်ကြီးသူများ၊ မသန်စွမ်းများ၊ ကိုယ်ဝန်ဆောင်နှင့် စိတ်မနှံ့သူများစသဖြင့် ထိခိုက်နစ်နာလွယ်အုပ်စုဝင်များကိုလည်း ငဲ့ညှာထောက်ထား ခြင်းမရှိပဲ ဥပဒေမဲ့ဖမ်းဆီးမှုများကို ပိုမိုတိုးမြှင့်ကျူးလွန်နေဆဲ ဖြစ်သည်ကို အောက်ပါဖြစ်စဉ်များတွင် လေ့လာသိရှိနိုင်ပါသည်။

၁။ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီ ၃ ရက်နေ့တွင် မဟာအောင်မြေမြို့နယ်၊ ရဟိုရ်းကျောင်းတိုက်မှ ရဟန်းအရှင်ရေဝတ(လူအမည်ဖိုးလပြည့်)အားဖေ့ဘုတ်လူမှုကွန်ယက်တွင်စစ်တပ်ကိုဝေဖန်၊ဆန့်ကျင်သည့် ပို့စ်တစ်ခု မျှဝေခဲ့ခြင်းကြောင့်ဖမ်းဆီးခံခဲ့ရခြင်း။

၂။ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီ ၃ ရက်တွင် စစ်ကိုင်းတိုင်း၊ ရေဦးဖက်မှ စစ်ကြောင်းထိုးလာသော စစ်တပ်တပ်ဖွဲ့ဝင်များသည် ခင်ဦးမြို့နယ်၊ မြင်းဒေါင်းရွာကို လက်နက်ပစ်ဖောက်ခြင်းမရှိဘဲ ရုတ်တရက်ဝင်ရောက်လာပြီး ထွက်ပြေးရန်ပြင်နေသည့် ဒေသခံအမျိုးသား၊ အမျိုးသမီး၊ ကလေးငယ်များ အပါ

အဝင် ပြည်သူ ၃၀ ကျော်ကို ဖမ်းဆီးထားပြီးနောက် ရွာထဲတွင် အထိုင်ချကာ ဇန်နဝါရီ ၄ ရက်တွင် တဲစုရွာကို ဝင်ရောက်ပြီး ဒေသခံ ၂၀ ကျော်ကို ဖမ်းဆီးသွားခြင်း။

၃။ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တနင်္သာရီတိုင်း၊ ပုလောမြို့နယ်၊ နန်းပရုပ်ကျေးရွာ ဘုန်းကြီးကျောင်း တွင် ၂ ရက် ကြာ ဝင်ရောက်တပ်စွဲခဲ့သည့် စစ်တပ်သည် ပြန်ထွက်သွားချိန်တွင် ဘုန်းကြီးကျောင်းမှ သံဃာတော် ၆ ပါးကို လူသားဒိုင်း အဖြစ် ဖမ်းဆီး ခေါ်ဆောင်သွားခြင်း။

၄။ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်နေ့တွင် ငါန်းဇွန်မြို့နယ်၊ တလင်းကုန်းရွာ(ခ)လက်ပံသာရွာကို ဝင်ရောက်ကာ ဥူးခေမာသီရိ၊ ဥူးဇင်းရွှေမန်း တို့အား စစ်တပ်က ဖမ်းဆီးခဲ့ခြင်း။

၅။ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီ ၁၉ ရက်နေ့က ရန်ကုန်မြို့မှ စစ်တွေနှင့် ကျောက်ဖြူကို လေယာဉ်ဖြင့် ပြန်လာသည့် သက်ကြီးရွယ်အိုများ၊ ကလေးများ၊ ကိုယ်ဝန်ဆောင်မိခင်များအပါအဝင် ခရီးသည် ခြောက်ရာနီးပါးကို လေဆိပ်အရောက်တွင် စစ်တပ်ဖွဲ့ဝင်များက ဖမ်းသွားပြီး အထောက်အထား ခိုင်ခိုင်မာမာ ပြနိုင်သူတချို့ကိုသာ ပြန်လွှတ်ပေးခဲ့ခြင်း။

၆။ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊လက်ပံတန်းမြို့နယ်တွင် အမျိုးသားညီညွတ်ရေးအစိုးရ(NUG) နှင့် PDF အားထောက်ပံ့သည်ဟု စွပ်စွဲချက်ဖြင့် အသက် ၁၂ နှစ် အရွယ် ကလေးငယ်တစ်ဦး အပါအဝင် ပြည်သူ ၄ ဦးအား စစ်တပ်မှ အင်အားအများအပြားဖြင့် လာရောက် ဖမ်းဆီး သွားခြင်း။

၇။ ၂၀၂၄ခုနှစ်၊ မတ်လ ၁၀ ရက်နေ့တွင် ကချင်ပြည်နယ်၊ ဗန်းမော်မြို့ နှစ်ခြင်းဘုရားကျောင်းဝင်းထဲရှိ ရောဘတ်(Robert)စစ်ဘေးဒုက္ခသည်စခန်းမှ ကချင်နှစ်ခြင်းခရစ်ယာန်ဗန်းမော်ဖုံနယ်၊ ဖွံ့ဖြိုးရေး ဌာန တာဝန်ခံ သင်းအုပ်ဆရာတစ်ဦးအပါအဝင် လူလတ်ပိုင်း အမျိုးသား (၁၇) ဦးကို စစ်တပ်က လာရောက် ဖမ်းဆီးသွားခဲ့ခြင်း။

ဤဖြစ်စဉ်များသည် စစ်တပ်၏ အရပ်သားပြည်သူများကိုသာမက သာသနာ့ဝန်ကို ငြိမ်းချမ်းစွာ ထမ်းဆောင်လျက်ရှိသော ဘာသာရေးပုဂ္ဂိုလ် (သို့) သာသနာ့ဝန်ထမ်းများ ကိုပါ ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင် ခဲ့သည်ကို မီးမောင်းထိုးဖော်ပြလျက်ရှိပါသည်။ ထို့အပြင် စစ်တပ်သည် ကလေးငယ်၊အမျိုးသမီး၊ သက်ကြီး ရွယ်အိုစသဖြင့် ထိခိုက်နစ်နာလွယ်အုပ်စုဝင်များကိုခွဲခြားဖယ်ကျန်ထားခြင်းမရှိဘဲ အရပ်သားပြည်သူမှန်သမျှ ကို အဓမ္မဖမ်းဆီးချုပ်နှောင်ခဲ့သည်ကိုလည်း ထင်ဟပ်ဖော်ပြလျက်ရှိသည်။

## (ခ) တက်ကြွလှုပ်ရှားသူများနှင့် အာဏာဖီဆန် ဆန့်ကျင်သည့်လှုပ်ရှားမှုတွင် ပါဝင်သော ဝန်ထမ်းများ အား ဖမ်းဆီးခြင်း

စစ်တပ်သည် ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ၁ရက်နေ့မှ မတ်လ၃၁ရက်နေ့အတွင်း ဥပဒေမဲ့ ဖမ်းဆီး ခဲ့မှုများတွင် နိုင်ငံရေးတက်ကြွ လှုပ်ရှားသူများနှင့် အာဏာဖီဆန် ဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် ပါဝင်သော CDM ဝန်ထမ်းများလည်းပါဝင်သည်ကို အောက်ပါအတိုင်းတွေ့ရသည်။

၁။ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်နေ့တွင် ရန်ကုန်အရှေ့ပိုင်းသမဂ္ဂဥက္ကဋ္ဌ မဆုရည်လင်းအား အရှေ့ပိုင်း ခရိုင်တရားရုံးတွင် ရုံးချိန်းသို့သွားရောက်တွေ့ဆုံသည့် မဆုရည်လင်း၏ အဒေါ်ဖြစ်သူ ဒေါ်နီမိုလှိုင် ကို စစ်တပ်မှ ဖမ်းဆီးထားခဲ့သည်။

၂။ ၂၀၂၄ခုနှစ်မတ်လ ၁၃ ရက်နှင့် ၁၄ ရက် နှစ်ရက်အတွင်း ကျောက်ဖြူမြို့ပေါ်မှ ကျန်းမာရေးဝန်ထမ်းတစ်ဦး အပါအဝင် ဒေသခံ ၅ ဦးကို ရက္ခိုင့်တပ်တော် (AA)နှင့် ပတ်သက်ဆက်နွယ်မှု ရှိသည်ဟုစွပ်စွဲကာ စစ်တပ်က ဖမ်းဆီးခဲ့သည်။

၃။ ရက္ခိုင့်တပ်တော် AA ခေါင်းဆောင် ဗိုလ်ချုပ်ထွန်းမြတ်နိုင်၏ ယောက်ဖဖြစ်သူ ကိုကျော်သန်းဇံ သည် ၂၀၂၄ခုနှစ်၊ မတ်လ ၁၁ ရက်နေ့က ရန်ကုန်လေဆိပ်တွင်အဖမ်းခံရပြီး မိသားစုနှင့် အဆက်အသွယ်ပြတ်သွားခဲ့သည်။ မိသားစုပိုင်အိမ်နှင့်အခြားမိသားစုဝင်များ၏နေအိမ်များလည်း ချိပ်ပိတ်ခံရကြောင်း သိရသည်။

၄။ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ GTIကျောင်းတွင် ရခိုင်ကျောင်းသားများအပါအဝင် ကျောင်းသား ၆ ဦးအား စစ်တပ်မှ ကားဂိတ်စီး အင်အား၂၀ခန့်ဖြင့် ဝင်ရောက်ဖမ်းဆီးခဲ့သည်။

၅။ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၂၇ရက်နေ့တွင် ရန်ကုန်တိုင်း၊သာကေတမြို့နယ်-စရပ်ကွက်-ကမာကြည်တံတားအဆင်း၊ ကမာကြည် အိမ်ယာရှိဇီဝသုခဆေးခန်းမှ CDM ဆရာဝန်တစ်ဦးနှင့် သူနာပြု ၃ ဦးအား စစ်တပ်မှ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ဒေသခံတစ်ဦးထံမှ သိရှိရသည်။

၆။ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ပဲခူးတိုင်းအနောက်ခြမ်း၊ပေါင်းတည်မြို့နယ်၊ တောင်ဘို့လှ အုပ်စု၊ သာလုပင်စည်ရွာမှ အသက် ၃၄ နှစ် အရွယ် ကိုကျော်စိုးထွန်းကို စစ်တပ်က ဖမ်းဆီးခဲ့ပြီး မိသားစုနှင့် အဆက်သွယ်ပြတ်နေကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များကို ကြည့်ခြင်းအားဖြင့် စစ်တပ်သည် တက်ကြွလှုပ်ရှားသူများ၊ CDM ဝန်ထမ်းများနှင့် အရပ်သားပြည်သူများကို အကြောင်းပြချက်၊ စွပ်စွဲချက် အမျိုးမျိုးဖြင့် ဥပဒေမဲ့ ဖမ်းဆီးလျက်ရှိကြောင်း လေ့လာသိရှိရသည်။

## ၂.၂။တပ်သားသစ်စုဆောင်းခြင်း၊ အဓမ္မစစ်မှုထမ်းစေခြင်းနှင့် စစ်မှုထမ်းဥပဒေနှင့် ဆက်စပ်၍ ထပ်မံလေ့လာတွေ့ရှိရသော လူ့အခွင့်အရေးချိုးဖောက်မှု များ

စစ်တပ်သည် စစ်မှုထမ်းဥပဒေကို ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာပြီးနောက် ဧပြီလမှသာ စတင် အကောင်အထည် ဖော်မည်ဟု ကြေညာထားသော်လည်း ကြေညာချက်မထုတ်မီကပင် အချို့သောဒေသများတွင် ပြည်သူ့စစ် ဖွဲ့စည်းရန်နှင့် တပ်သားသစ်စုဆောင်းရန် စာရင်းကောက်၍သော်လည်းကောင်း အဓမ္မဖမ်းဆီး၍သော် လည်းကောင်း ရပ်ရွာလူကြီးများအား ဖိအားပေးလူသစ်စုဆောင်းခိုင်းနေသည်ကို လေ့လာတွေ့ရှိရ ပါသည်။

ထို့ပြင် စစ်တပ်သည် စစ်မှုထမ်းဥပဒေကို အကောင်အထည်ဖော်ရင်း အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများကိုပါ ကျူးလွန်လာသည်ကို တွေ့ရှိရသည်။ ဤအစီရင်ခံစာရေးသည့်ကာလအတွင်း စစ်မှုထမ်းဥပဒေနှင့် ဆက်စပ်၍ အဓမ္မစစ်မှုထမ်းရန် ခိုင်းစေမှု (၃၄) ခု အပါအဝင် လွတ်လပ်စွာသွားလာခွင့် ကို ပိတ်ပင်မှု၊ ညှဉ်းပမ်းနှိပ်စက်သတ်ဖြတ်ခံရမှု၊ ခြိမ်းခြောက်ငွေညှစ်မှုစသည့် လူ့အခွင့်အရေးချိုးဖောက်ခံရမှု ဖြစ်စဉ်(၅၀) ခု ကောက်ယူရရှိခဲ့သည်။

အထူးသဖြင့် လူငယ်လူရွယ်များအား အကြောင်းပြချက်အမျိုးမျိုးဖြင့် နေအိမ်များထဲထိ ဝင်ရောက်၍သော်လည်းကောင်း ၊အများပြည်သူရှိရာ လက်ဘက်ရည်ဆိုင်ကဲ့သို့သော နေရာများတွင် လည်းကောင်း၊ လမ်းခရီး စစ်ဆေးရေးဂိတ်များတွင်လည်းကောင်း လူငယ်လူလတ်ပိုင်းများကို ကားများပေါ်မှ အဓမ္မဖမ်းဆီးခေါ်ဆောင်၍ စစ်မှုထမ်းဥပဒေအကြောင်းပြကာ ခြိမ်းခြောက်ငွေညှစ်ခြင်း၊ ငွေမပေးနိုင်သူများကို စစ်သားစုဆောင်းရေးတပ်များသို့ပို့ဆောင်ခြင်းများကျူးလွန်လျက်ရှိသည်ကိုတွေ့ရှိရသည်။

ထို့ပြင် စစ်မှုထမ်းရန်မဲပေါက်၍ ဖမ်းဆီးခေါ်ဆောင်ပြီးနောက် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခံရခြင်း၊ အဆက်အသွယ်မရပဲပျောက်ဆုံးနေခြင်း၊ ခရီးသွားလာခွင့်များကိုကန့်သတ်ခြင်း၊ နိုင်ငံအနှံ့အပြားတွင် ကျေးရွာအလိုက် တပ်သားသစ်အတွက် သတ်မှတ်လူဦးရေပေးရန်နှင့် မပေးပါက ရွာကိုမီးရှို့မည်စသည်ဖြင့် ခြိမ်းခြောက်ခြင်း၊ အချို့နေရာများတွင် တပ်သားသစ် အဖြစ်လူငယ် အမြောက်အမြားကို စစ်ကြောင်းနှင့်အတူ ပေါ်ပေါ်တင်တင် အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်း စသည့် ချိုးဖောက်မှုများကို ပြောင်ပြောင်တင်းတင်းပင် ကျူးလွန်လျက် ရှိသည်ကို အောက်ပါဖြစ်စဉ်များက သက်သေပြလျက်ရှိသည်။

၁။ **ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်-** ၂၀၂၄ခုနှစ်၊ ဇန်နဝါရီ ၅ ရက်နေ့က ပဲခူးတိုင်း၊ နတ်တလင်းမြို့နယ်တွင် စစ်တပ်က အုပ်ချုပ်ရေးမှူးများကို ခေါ်ယူကာ ကျေးရွာတအုပ်စုလျှင် အသက် ၁၈ နှစ်မှ ၅၅ နှစ်ကြား အမျိုးသား ၁၀ ဦးပေးရန် စစ်မှုထမ်းအင်အား တောင်းခံခဲ့သည်။

၂။ **မန္တလေးတိုင်းဒေသကြီး၊ပုသိမ်ကြီးမြို့နယ်-** ၂၀၂၄ခုနှစ်၊ဖေဖော်ဝါရီလ ၁၄ ရက်နေ့ ညပိုင်း မန္တလေး- ပြင်ဦးလွင်ကားလမ်းဘေး ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာအုပ်စုရှိ အမေဆယ်တော်ကျေးရွာနှင့် တမုတ်စိုးကျေးရွာတို့မှလူငယ် ၃၅ ဦးကို စစ်တပ်က ညအချိန် ဝင်ရောက်ဖမ်းဆီးပြီး တပ်သားသစ် စုဆောင်းခဲ့သည်။

၃။ **ရန်ကုန်တိုင်းဒေသကြီး၊မရမ်းကုန်းမြို့နယ်-** ၂၀၂၄ခုနှစ်၊မတ်လ ၂၇ ရက်နေ့ ညနေပိုင်းတွင် မရမ်းကုန်းမြို့နယ်၊ သမိုင်းမြို့သစ် ၁ ရပ်ကွက်၌ ကလေးသုံးယောက် ဖခင် ၁ ဦး အပါအဝင်လူငယ် ၁၂ ဦးကို အုပ်ချုပ်ရေးမှူး၊ ရဲ နှင့် လူမိုက်များက စစ်မှုထမ်းရန် ဆင့်ခေါ်စာဖြင့် နေအိမ်ထဲထိ ဝင်ရောက်ဖမ်းဆီးကာ ခေါ်ဆောင်သွားကြောင်း သိရသည်။

၄။ **ရန်ကုန်တိုင်းဒေသကြီး၊တိုက်ကြီးမြို့နယ် -** ၂၀၂၄ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ မီးလောင်စခန်း ကျေးရွာမှ စစ်မှုထမ်းရန်ခေါ်ဆောင်ခံရသည့် အစ္စလမ်ဘာသာဝင် အမာန္တတ်လာသည် စစ်တပ်ထဲ တွင် ညှဉ်းပန်းနှိပ်စက်ခံရပြီး သေဆုံးသွားခဲ့သည်။။

၅။ **ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့နယ်-** ၂၀၂၄ခုနှစ်၊ဖေဖော်ဝါရီ ၁၆ ရက်နေ့တွင် မြစ်ကြီးနား-ဖားကန့်သွားလမ်း လီဒိုလမ်းမကြီးပေါ်ရှိ မရမ်ကထောင်ဂိတ်တွင် အသက် ၃၀ အရွယ် အမျိုးသား နှစ်ဦးနှင့် အသက် ၃၆ နှစ် အရွယ် အမျိုးသားတစ်ဦးကို စစ်သားများက ကားပေါ်မှ အတင်းအဓမ္မဆွဲချ ဖမ်းဆီးသွားခဲ့သည်။

၆။ **ချင်းပြည်နယ်၊ဟားခါးမြို့နယ် -** ၂၀၂၄ခုနှစ်၊ဖေဖော်ဝါရီလ ၁၂ရက်နေ့ ချင်းပြည်နယ်၊ ဟားခါးမြို့တွင် မိဖိုရမ်မှ စစ်ဘေးရှောင်ကလေးများကို စာသင်ကြားပေးနေသည့် ချင်းပြည်နယ် မတူပီဒေသခံ CDM ကျောင်းဆရာတစ်ဦးသည် စစ်ကောင်စီ၏ မတရား ဖမ်းဆီးခြင်းခံခဲ့ရပြီး သတင်းအစအနပျောက်ဆုံးနေခဲ့သည်။

၇။ **စစ်ကိုင်းတိုင်းဒေသကြီး၊စစ်ကိုင်းမြို့နယ်-** ၂၀၂၄ခုနှစ်၊မတ်လ ၂၉ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်း-မင်းကွန်း လမ်းပိုင်းတွင် အလုပ်မှ ပြန်လာသည့် ပြည်သူ ၅၀ ဦးခန့်ကို တံတားပေါ်ရှိ စစ်တပ်ဂိတ်က ဖမ်းဆီးပြီး တစ်ဦးလျှင် ငွေကျပ် ၅ သိန်းဖြင့် ပြန်းရွေးခိုင်းကြောင်း ပြန်မရွေးနိုင်သူများ စစ်ထဲဝင်ရမည်ဟုဆိုကာ တပ်ထဲသို့ ခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၈။ **ရန်ကုန်တိုင်းဒေသကြီး၊မြောက်ဥက္ကလာပမြို့နယ်-** ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် ရန်ကုန်၊ အောင်မင်္ဂလာအဝေးပြေးကွင်းမှ ရခိုင်သို့ ဦးတည် ထွက်ခွာလာသော ခရီးသည်တင်ကား ၃ စီးကို စစ်တပ်က ဖမ်းဆီးခဲ့ပြီး ကားပေါ်ပါ သံဃာနှင့်အခြား အမျိုးသမီးများကို ပြန်လွှတ်ပေးခဲ့ပြီးနောက် ရခိုင်မှတ်ပုံတင်ဖြစ်သော ခရီးသည်အမျိုးသား အားလုံးကို ၅ ရက်ကြာအထိ ပြန်မလွှတ်ပေးသေးကြောင်း ဖမ်းဆီးခံရသူများ၏ မိဘဆွေမျိုးများထံမှသိရသည်။

ထို့အပြင် ရန်ကုန်တိုင်းတွင် စစ်မှုထမ်းရန် မဲပေါက်သူများကို စစ်တပ်က ဆေးစစ်ရန် လာရောက်ခေါ်ဆောင်ပြီး မင်္ဂလာဒုံအရိုးအကြော စစ်ဆေးရုံတွင် ဆေးစစ်ကြောင်း၊ ဆေးစစ်ရန် ကျန်ရှိနေသူများနှင့် ဆေးစစ်ပြီးသူများကို မိသားစုထံသို့ ပြန်မလွှတ်တော့ဘဲ လက်ကိုင်မိုဘိုင်းလ်ဖုန်းများ အားလုံးကို စစ်တပ်က အတင်းအဓမ္မသိမ်းယူ လိုက်ကြောင်း၊ ဆေးစစ်ရန် ကျန်ရှိသူနေများကို ဖမ်းဆီးထိန်းသိမ်းထားပြီး ဆက်လက် ဆေးစစ်မှုများ လုပ်ဆောင်နေကြောင်း၊ မိသားစုများနှင့် လုံးဝမဆက်သွယ်ရဟုဆိုကာ အဆက်အသွယ်များ ဖြတ်တောက်ထားကြောင်းတို့ကိုလည်း အွန်လိုင်းစောင့်ကြည့်လေ့လာမှုများ နှင့် မြေပြင်အချက်အလက်များအရ သိရှိရသည်။

## ၂.၃။ ဥပဒေမဲ့သတ်ဖြတ်ခြင်း

အရပ်သားပြည်သူများအပေါ် ကျူးလွန်သော ပြင်းထန်သည့်လူ့အခွင့်အရေး ချိုးဖောက်မှုများအနက် ဥပဒေမဲ့သတ်ဖြတ်ခြင်းသည် လက်ရှိအခြေအနေတွင် ပြည်သူလူထု၏ အသက်ရှင်သန်ရပ်တည်နေထိုင်မှုကို ကြီးစွာသော သက်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည်။ ဤအစီရင်ခံစာတင်ပြသည့်ကာလ ပထမ၃လပတ်အတွင်း လေကြောင်းနှင့်လက်နက်ကြီးဖြင့် တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းများ အပါအဝင် နိုင်ငံတဝှမ်းရှိ အရပ်သားပြည်သူများအပေါ် အကြမ်းဖက်၍ ဥပဒေမဲ့သတ်ဖြတ်မှု ၃၆၇ ခုအား မှတ်တမ်းတင်နိုင်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင်ဖြစ်စဉ် ၉၇ ခုဖြင့် အများဆုံး ဖြစ်ပွားခဲ့သည်ကို မှတ်တမ်းများအရ သိရသည်။ အောက်ပါဖြစ်စဉ်များတွင် စစ်တပ်၏ နိုင်ငံတကာဥပဒေများအား လုံးဝမျက်ကွယ်ပြုကာ ကလေးသူငယ်များ ၊သက်ကြီးရွယ်အိုများ အပါအဝင် အပြစ်မဲ့ပြည်သူများကို ၎င်းတို့၏ ရန်သူများသဖွယ် ဥပဒေမဲ့အကြမ်းဖက်သတ်ဖြတ်မှု ကျူးလွန်ခဲ့ခြင်းများအား သိရှိနိုင်သကဲ့သို့ စစ်တပ်ဆန့်ကျင်အဖွဲ့အစည်းများနှင့် အမည်မသိ လက်နက်ကိုင်အဖွဲ့များ၏ ကျူးလွန်မှုအချို့ကို လည်းလေ့လာသိရှိနိုင်ပါသည်။

၁။ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ရေဦးမြို့မှ ဒီပဲယင်းမြို့နယ်သို့ စစ်ကြောင်းထိုးဝင်ရောက်လာခဲ့သော အင်အား ၈၅ ဦးပါ စစ်တပ်စစ်ကြောင်းသည် ဒီပဲယင်းမြို့နယ်၊ မဲအိုးကျေးရွာသို့ စီးနင်းဝင်ရောက်လာကာ ပြည်သူ ၁၅ ဦးကို လူသားတံတိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်လာပြီး လက်ယက်ကုန်းကျေးရွာ အရောက်တွင် ဖမ်းဆီးထားသော ပြည်သူ ၁၅ ဦး အနက်မှ အမျိုးသား ၃ ဦးနှင့် အမျိုးသမီး ၁ ဦးကို ခေါင်းဖြတ်၊ လက်၊ခြေထောက်များ ဖြတ်ကာ ရက်ရက်စက်စက် သတ်ဖြတ်သွားပြီး အမျိုးသမီးအလောင်းကိုမူ တဲအိမ်အတွင်းထည့်၍ မီးရှို့သွား

ခဲ့သည်။ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ဖမ်းဆီးသွားသော ပြည်သူများ အနက်မှ မဲအိုးကျေးရွာသား ကိုဇင်မင်းညွန့် (ခ) တာပု၏ အလောင်းကို ပိဋကတ်ကျကျေးရွာ အနီးတွင် ထပ်မံတွေ့ရှိရပြီး စုစုပေါင်း ၅ ဦးသတ်ဖြတ်ခံခဲ့ရသည်။ ကျန် ၉ ဦးကို လူသားတံတိုင်းအဖြစ် ဆက်လက်ဖမ်းဆီးသွားခဲ့ပြီး ၄ ဦး ပြန်လည်လွတ်မြောက်လာပြီး ကျန် ၅ ဦးမှာ ယခုအချိန်ထိ လွတ်မြောက်လာခြင်းမရှိသေးကြောင်းသိရသည်။

၂။ ၂၀၂၄ခုနှစ်၊ဖေဖော်ဝါရီလ ၁၄ ရက်နေ့က မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ မြောက်ခင်ရန်းကျေးရွာတွင် တော်လှန်ရေး ရဲဘော် ၂ ဦးကို မီးရှို့သတ်ဖြတ်ခဲ့သော မြောက်ခင်ရန်းကျေးရွာမှ ပျူစောထီးနှင့် စစ်တပ်အင်အား ၂၀၀ ခန့်သည် စစ်ကြောင်းထိုးလာပြီးနောက် သင်တောကျေးရွာ၊ ရွှေဘိုကျေးရွာ နှင့် ရေသာကျေးရွာမှ ပြည်သူ ၁၀ ဦးကို ဦးခေါင်းတွေ့၍ အစုလိုက်အပြုံလိုက်ပစ်သတ်သွား ခဲ့သည်။ ထို့ပြင် စစ်တပ်နှင့်ပျူစောထီးများက ပြည်သူ ၄ ဦး (အမျိုးသား)ကိုလည်း ဖမ်းဆီး သွားပြီး၊ သင်တောရွာမှ နေအိမ် ၃၀ နှင့် ရွှေဘိုရွာမှ နေအိမ် ၆ လုံးတို့ကိုလည်း မီးရှို့ဖျက်ဆီး သွားခဲ့သည်။

၃။ ၂၀၂၄ခုနှစ်၊ဖေဖော်ဝါရီလ ၄ ရက်နေ့ ညနေပိုင်းတွင် ကရင်နီပြည်၊ ရှားတောမြို့နယ်အတွင်း စစ်ကြောင်းထိုးလာသည့် စစ်တပ်က စစ်ဘေးရှောင်အရပ်သားပြည်သူများရှိရာကို ရောက်ရှိချိန်တွင် အမျိုးသားတစ်ဦး၊ကိုယ်ဝန်သည်အမျိုးသမီးနှင့် ကလေးငယ်များအပါအဝင် ၇ ဦး ကို ဓားစာခံအဖြစ် ဖမ်းဆီးခေါ်သွားပြီး ကိုယ်ဝန်သည်တစ်ဦးအပါအဝင် အမျိုးသမီး ၃ ဦး၊ ကလေးငယ် ၃ ဦးကို ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ပစ်သတ်လိုက်ကြောင်း၊ အမျိုးသားတစ်ဦးမှာ ထွက်ပြေးလွတ်မြောက် လာခဲ့ကြောင်း သိရသည်။

၄။ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ရွာပုလဲရွာအဝင်လမ်း၌ စစ်မှုမထမ်းမနေရဥပဒေ ထောက်ခံပွဲမှ ပြန်လာသော အုပ်ချုပ်ရေးမှူးအပါအဝင် ၂ ဦး ပစ်ခတ်ခံရပြီး ၁ ဦး သေဆုံးသွားကြောင်း သိရသည်။

၅။ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်အတွင်း အမည်မသိအဖွဲ့မှ ဒေသခံပြည်သူအမျိုးသား ၃ ဦး ၊ အမျိုးသမီး ၃ ဦး ကို သတ်ဖြတ်ခဲ့ ကြောင်း သိရသည်။

၆။ ၂၀၂၄ခုနှစ်၊ မတ်လ ၁၀ ရက် နေ့ညတွင် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ မြတ်စံကြီးကျေးရွာမှ အမျိုးသားတဦးကို အမည်မသိသေနတ်သမားများက ပစ်သတ်ခဲ့ကြောင်း သိရသည်။

## ၂.၄။ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားလူမဆန်စွာပြုမူဆက်ဆံခြင်း

မြန်မာစစ်တပ်သည် စစ်တပ်ဆန့်ကျင်သည့်လှုပ်ရှားမှုများကို ဖိနှိပ်ပြီး ပြည်သူများအကြား ၎င်းတို့အပေါ် အကြောက်တရားများပျံ့နှံ့စေရန်၊ အပြစ်ပေးလို၍ထွက်ဆိုစေလိုသောအရာများကို အတင်းအကြပ်ဝန်ခံထွက်ဆိုစေရန် ရည်ရွယ်ချက်ဖြင့် ညှဉ်းပန်းနှိပ်စက်မှု၊ ရိုက်နှက်မှုနှင့် အခြားဆိုးရွားသော စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်စေသည့် ပြုမူဆက်ဆံမှုတို့ကို အလွန်အမင်းအသုံးပြုနေဆဲဖြစ်သည်။ အကြမ်းဖက်မှုလုပ်ဆောင်ချက်များအတွင်း စစ်တပ်သည် အရပ်သားပြည်သူများ (သို့) ၎င်းတို့နှိပ်စက်ခံရသူ

များအားနာကျင်မည်ကိုသိလျက်နှင့် မခံရပ်နိုင်လောက်အောင် ကြီးစွာသောနာကျင်မှုဝေဒနာကို ခံစား ဖြစ်ပေါ် စေရန် ညှဥ်းပန်းနှိပ်စက်မှု နည်းလမ်းအမျိုးမျိုးကို အသုံးပြုလျက်ရှိသည်။ ဆိုးရွားသောအသုံးများသည့် နည်းလမ်းများမှာ မီးရှို့သတ်ဖြတ်ခြင်း၊ ခေါင်းဖြတ်ခြင်း၊ ဓားဖြင့်ထိုးခုတ်သတ်ခြင်း၊ ခြေလက်ပိုင်းဖြတ်ခြင်းနှင့် အပြင်းအထန်ရိုက်နှက်ခြင်းတို့ဖြစ်ကြသည်။

၂၀၂၄ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့မှ မတ်လ ၃၁ရက်နေ့အတွင်း ညှဥ်းပန်းနှိပ်စက်မှုနှင့် လူမဆန်စွာ ပြုမူဆက်ဆံမှု (၂၇) ခုနှင့် မီးရှို့သတ်ဖြတ်မှု (၁၇) ခု ကောက်ယူမှတ်တမ်း တင်နိုင်ခဲ့ပြီး စစ်ကိုင်းတိုင်းတွင် အများဆုံးဖြစ်ပွားခဲ့ပြီး မန္တလေးနှင့် မကွေးတိုင်းတို့တွင် ဒုတိယနှင့် တတိယ အများဆုံး ကျူးလွန်ခဲ့သည်ကို တွေ့ရှိရသည်။ စစ်သားများနှင့် ၎င်းတို့၏လက်အောက်ခံအဖွဲ့များသည် ထိခိုက်ခံရသူများ၏ လူ့ဂုဏ်သိက္ခာ များကို လုံးဝလျစ်လျူရှုကာ အရပ်သားပြည်သူများကို ညှဥ်းပန်းနှိပ်စက် (သို့) လူမဆန်စွာပြုမှု ဆက်ဆံခဲ့ ပုံတို့ကို အောက်ပါဖြစ်စဉ်များကမီးမောင်းထိုးဖော်ပြနေပါသည်။

၁။ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီ ၉ ရက် နေ့တွင် မန္တလေးတိုင်းဒေသကြီးမတ္တရာမြို့မှထွက်လာသည့်စစ်တပ် စစ်ကြောင်းသည် အလည်ရွာမှ အသက် ၅၀ အရွယ် ဒေါ်မူကို ဖမ်းဆီးသွားခဲ့ပြီး ၃ ရက်အကြာ အောက်ကင်းကျေးရွာ ကိုင်းတောထဲတွင် လက်ပြန်ကြိုးတုပ်ခံထားရပြီး ညာဘက်ပါးတခြမ်းပွင့်ထွက် ဒဏ်ရာဖြင့် သေဆုံးနေသည့်အလောင်းကို ပြန်လည်တွေ့ရှိခဲ့သည်။

၂။ ၂၀၂၄ခုနှစ်၊ဇန်နဝါရီလ ၂၃ ရက်နေ့က ရေစကြိုမြို့နယ်၊ ပညင်းကျေးရွာအနီးတွင် ၂၅၈ တပ်ရင်းမှ စစ်တပ်ဖွဲ့ဝင်များနှင့်ပျူစောထီးအဖွဲ့များ လှည့်ကင်းပတ်လာစဉ် ပညင်းကွက်သစ်မှ ပြန်လာသည့် ညီအစ်ကိုနှစ်ဦးကိုတွေ့ပြီး ဖမ်းဆီးကာ ရိုက်နှက်နှိပ်စက်ခဲ့ကြောင်း၊ အစ်ကိုဖြစ်သူကို နှိပ်စက် သတ်ဖြတ်ပြီး ညတွင်းချင်း တဲတစ်လုံးတွင် မီးရှို့အလောင်းဖျောက်ခဲ့ကြောင်း၊ ညီဖြစ်သူကိုလည်း ရိုက်နှက်နှိပ်စက်ကာ ၂၅၈ တပ်ရင်းသို့ ဖမ်းဆီးခေါ်ဆောင်သွားကြောင်းသိရသည်။

၃။ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ်လ ၁ ရက်နေ့အထိ စစ်တပ်လက်အောက်ခံ ခမရ ၇၀၈၊ ခလရ ၁၁ စစ်ကြောင်းနှင့် ပျူစောထီးတပ်ဖွဲ့ စုစုပေါင်းအင်အား၂၀၀ခန့်သည် တန့်ဆည်မြို့နယ်ထဲရှိ ကျေးရွာများကို ရွာစဉ်လှည့်မီးရှို့သတ်ဖြတ်လျက်ရှိရာ ပြည်သူ့ကာကွယ်ရေးနှင့် ပြည်သူ့အုပ်ချုပ်ရေး တာဝန်ခံ ၂ဦး အပါအဝင် ပြည်သူ ၁၁ ဦးကို အပိုင်းပိုင်းခုတ်ကာ သတ်ဖြတ်ခဲ့ပြီး ခန္ဓာကိုယ် အစိတ်အပိုင်းများကိုလည်း လှောင်ပြောင်စရာများ ပြုလုပ်ထားခဲ့ကြောင်းသိရသည်။

၄။ ၂၀၂၄ခုနှစ်၊ မတ်လ၊ ၁၅ ရက်နေ့က စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ပေကြီးကျေးရွာ၊ စစ်တပ်လက်အောက်ခံ ခမရ (၃၆၁) တပ်နှင့် ပျူစောထီးများမှ အရပ်သားပြည်သူ ကိုခင်မောင်ဦး (၃၅)နှစ် အား ခေါင်းဖြတ် သတ်ဖြတ်ပြီး၊ ကိုမျိုးမျိုးသိန်း (၃၅) နှစ်ကို ယောကျ်ားအင်္ဂါအားဖြတ်ပြီး သတ်ဖြတ်ခဲ့ပါ သည်။

၅။ ၂၀၂၄ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ဧရာဝတီတိုင်း ကြံခင်းမြို့နယ်၊ ရွှေတောင်စုရပ်ကွက်တွင် စစ်မှုထမ်းရေးကိစ္စ စာရင်းကောက်ယူသည်ကိုမကျေနပ်ကြောင်း ပြောဆိုခဲ့သည့်အတွက် အသက် ၅၅ နှစ်အရွယ် အမျိုးသားတစ်ဦး ဖမ်းဆီးခံရပြီး နာရီပိုင်းအတွင်း သေဆုံးသွားကြောင်း သိရသည်။

## ၂.၅။လေကြောင်းတိုက်ခိုက်မှုအပါအဝင်စစ်လက်နက်ပစ္စည်းများသုံး၍တိုက်ခိုက် ခြင်း

၂၀၂၄ ခုနှစ်၊ပထမသုံးလပတ်အတွင်း စစ်တပ်နှင့်၎င်းတို့၏ လက်အောက်ခံတပ်ဖွဲ့များမှ စစ်လက်နက် ပစ္စည်းများသုံး၍တိုက်ခိုက်မှုများကို စောင့်ကြည့်မှတ်တမ်းတင်ခဲ့ရာ လေကြောင်းတိုက်ခိုက်မှု (၁၇၂)ကြိမ်၊

လက်နက်ကြီးလက်နက်ငယ်များဖြင့်တိုက်ခိုက်မှုနှင့် ရေကြောင်းမှပစ်ခတ်တိုက်ခိုက်မှု (၃၄၄)ကြိမ်၊ ဒရုန်းဗုံးဖြင့် တိုက်ခိုက်မှုနှင့်ဗုံးခွဲတိုက်ခိုက်မှုဖြစ်စဉ်(၁၅)ကြိမ် စုစုပေါင်း (၅၃၁)ခု ကျူးလွန်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး ၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ် တို့တွင် အများဆုံး တိုက်ခိုက်ခံရကြောင်း တွေ့ရှိရသည်။ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင်လည်း လေကြောင်း နှင့်စစ်လက်နက်ပစ္စည်းများ အသုံးပြု တိုက်ခိုက်မှုများပိုမိုများပြားလာသည်ကို မှတ်တမ်းများအရ သိရှိရသည်။

လေကြောင်းတိုက်ခိုက်မှုအပါအဝင် စစ်လက်နက်ပစ္စည်းများသုံး၍ တိုက်ခိုက်မှုများကြောင့် သေဆုံးသူ စုစုပေါင်း (၅၅၁) ဦး ရှိပြီး ထိခိုက်ဒဏ်ရာရသူ (၈၄၀) ဦး ခန့်ရှိခဲ့သည်။ ထိုဖြစ်စဥ်များတွင် စစ်တပ်သည် နိုင်ငံတကာစစ်ရေးဆိုင်ရာ စည်းမျဥ်းစည်းကမ်းများကို မျက်ကွယ်ပြုပြီး အရပ်သားပြည်သူများနေထိုင်ရာ နေရာများ၊ ရှောင်ပုန်းရာနေရာများ၊ ၎င်းတို့စစ်ကြောင်းထိုးရာလမ်းတစ်လျှောက်ရှိ ကျေးရွာများကို ရန်သူသဖွယ် ပစ်မှတ်ထားတိုက်ခိုက်လျက် စစ်ရာဇဝတ်မှုများ ကျူးလွန်နေသည်ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိ ရသည်။

## (က)လေကြောင်းတိုက်ခိုက်မှုများ

၂၀၂၄ခုနှစ်၊ ပထမသုံးလပတ်အတွင်း မြန်မာ့စစ်တပ်သည် အရပ်သားပြည်သူများနှင့် ၎င်းတို့ နေထိုင်ရာဒေသများအားခေတ်မီစစ်လက်နက်ပစ္စည်းအမျိုးမျိုးအသုံးပြု၍တိုက်ခိုက်မှုများအနက် လေကြောင်း မှ တိုက်ခိုက်မှုများသည် ဂျက်တိုက်လေယာဉ်၊ တိုက်ခိုက်ရေးရဟတ်ယာဉ်များပေါ်မှ ပြင်းထန်သော ပေါင် ၅၀၀ ဗုံးများကျဲချခြင်းအပါအဝင် ဒရုန်းဗုံးများအလုံးရေရာချီ ကြဲချတိုက်ခိုက်ခြင်းများကြောင့် ထိခိုက်သေဆုံးမှုများစွာ ဖြစ်စေခဲ့သည့်အပြင် ကလေးငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများကဲ့သို့သော ထိခိုက်နစ်နာလွယ်အုပ်စုဝင်များအပါအဝင် အရပ်သားပြည်သူ အမျိုးမျိုးအပေါ် ကြီးစွာသော သက်ရောက်မှု များစွာဖြစ်စေခဲ့သည်။

ထို့အပြင်စစ်တပ်သည် ပညာရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဆောက်အအုံများ၊ အခြားသော အများပြည်သူဆိုင်ရာ နေရာများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်မှုများ ကျူးလွန်ခဲ့ခြင်း ကြောင့် များစွာသောအရပ်သားပြည်သူတို့ကို ထိတ်လန့်ကြောက်ရွံ့စေပြီး အကာအကွယ်မဲ့စွာ အသက် အန္တရာယ်ဘေးနှင့်ရင်ဆိုင်ကြုံတွေ့ကြရသည်။လေကြောင်းတိုက်ခိုက်မှုဖြစ်စဥ်အများစုတွင် အရပ်သားပြည်သူ များအား ၎င်းတို့၏ နေအိမ်နှင့်ပိုင်ဆိုင်မှုပစ္စည်းများကိုစွန့်ခွာကာ နေရပ်ဒေသစွန့်ခွာ တိမ်းရှောင်ထွက်ပြေးရမှု ကိုလည်းဖြစ်စေခဲ့သည်။ အသေအပျောက်အများဆုံးသော လေကြောင်းတိုက်ခိုက်မှုများနှင့် အများပြည်သူ ဆိုင်ရာအဆောက်အအုံများအား ပစ်မှတ်ထားတိုက်ခိုက်မှုများနှင့်စပ်လျဥ်း၍ အနှစ်ချုပ် တင်ပြချက်ကို အောက်ပါ အတိုင်းတွေ့နိုင်ပါသည်။

- **ရခိုင်ပြည်နယ်၊မင်းပြားမြို့နယ်-** ၂၀၂၄ခုနှစ်၊မတ်လ (၁၈) ရက်နေ့ ရခိုင်ပြည်နယ်၊မင်းပြားမြို့နယ်၊ သာဒါ (ရိုဟင်ဂျာ) ကျေးရွာကို အကြမ်းဖက်စစ်တပ်က ဂျက်တိုက်လေယာဉ် (၁) စီးဖြင့်လာရောက် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ရိုဟင်ဂျာ (၂၂) ဦးသေဆုံးပြီး (၂၉) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။
- **ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ် -** ၂၀၂၄ခုနှစ်၊ဖေဖော်ဝါရီ ၂၁ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်၊ ကျောက်ကြီးနှင့် ရွှေကျင် မြို့နယ်တို့မှ ကျေးရွာများကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်တပ်က လေကြောင်းမှဗုံးကြဲ တိုက်ခိုက်သည့် အပြင် လက်နက်ကြီးများဖြင့်ပါ

ပစ်ခတ်တိုက်ခိုက်သဖြင့် ဒေသခံ ၄ ဦးသေဆုံးပြီး ၅ ဦးဒဏ်ရာ ရရှိခဲ့ကာ နေအိမ် ၁၀ လုံးကျော် ပျက်စီးခဲ့ကြောင်းသိရသည်။

- **ကရင်နီပြည်နယ်၊မော့ဆိုမြို့နယ်-** ၂၀၂၄ခုနှစ်၊ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ဒီးမော့ဆိုမြို့နယ်၊ ဒေါဆီးအီးကျေးရွာရှိ စာသင်ကျောင်းနှင့် လွိုင်နန်းဖကျေးရွာရှိ စာသင်ကျောင်း အနီးအနား တဝိုက်သို့ အကြမ်းဖက်စစ်တပ်က လေကြောင်းမှ ၁၀ ကြိမ် တိုင်တိုင် ဗုံးကျဲတိုက်ခိုက်ခဲ့ပြီး တစ်ချိန်တည်းမှာပင် လွိုင်ကော်နှင့် ဒီးမော့ဆိုမြို့နယ်ရှိ အကြမ်းဖက်စစ်ကောင်စီတပ်စခန်းများက လက်နက်ကြီးများဖြင့် ၆ ကြိမ်တိုင်တိုင် ပစ်ခတ်တိုက်ခိုက်ခဲ့မှုများကြောင့် ဒေါဆီးအီကျေးရွာ စာသင်ကျောင်းတွင် ပညာသင်ကြားနေသော အသက် ၁၃ နှစ်အရွယ် ဝန်းကျင်ရှိသည့် အလယ်တန်းကျောင်းသား ၄ ဦး ပွဲချင်းပြီး သေဆုံး ခဲ့ကာ မူကြိုအရွယ် ကလေးငယ် ၁ ဦး အပါအဝင် ကလေးငယ် စုစုပေါင်း၁၄ ဦး ထက်မနည်း ထိခိုက် ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။
- **စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်-** ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် တိုက်ပွဲများ လုံးဝ ဖြစ်ပွားထားခြင်း မရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့နယ်၊ ခါမ်းပါတ်မြို့နယ်(ခွဲ)၊ ကနန်ရွာသို့ အကြမ်းဖက်စစ်တပ်မှ A-5 တိုက်လေယာဉ်ဖြင့် ပေါက်ကွဲအား ပြင်းထန်သောဗုံးများဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့မှုကြောင့် အသက် (၅) နှစ်အရွယ် ကလေးငယ်အပါအဝင် ပြည်သူ (၁၇) ဦးသည် ခြေ၊ လက်ပြတ်တောက်ခြင်း၊ ဦးခေါင်းထိမှန်ခြင်း၊ ဝမ်းဗိုက်များပွင့်ကာ အူများထွက်ကျခြင်း စသည့်ပုံစံများ ဖြင့် သေဆုံးခဲ့ကြရသည်။ ထို့အပြင် အသက် (၃) နှစ်အရွယ် ကလေးငယ် အပါအဝင် ပြည်သူစုစုပေါင်း (၁၉) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နေအိမ် (၁၀) လုံးခန့် ထိမှန်ပျက်စီးခဲ့ကာ စာသင်ကျောင်း နှစ်ထပ် ဆောင် ၂ လုံး နှင့် ခရစ်ယာန်ဘုရားကျောင်း လည်း ထိမှန်ပျက်စီးခဲ့သည်။
- **ရှမ်းပြည်နယ်၊နမ့်ဆမ်မြို့နယ် -** ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့တွင် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆမ်မြို့နယ်၊ မြို့သစ်ကျေးရွာကို စစ်တပ်မှလေကြောင်းတိုက်ခိုက်မှုကြောင့် တအောင်းအမျိုးသား ပညာရေးကော်မတီမှ ဆရာ/ဆရာမ ၅ ဦး နှင့် အရပ်သားတစ်ဦးသေဆုံးခဲ့ရပြီး ၆ ယောက်ဒဏ်ရာ ပြင်းထန်စွာရရှိခဲ့သည်။ ထို့ပြင် စာသင်ကျောင်းနှင့်လူနေအိမ် ၇ လုံး ပျက်စီး ခဲ့ပြီး မြို့သစ်ကျေးရွာ ဒေသခံများဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင် နေကြရကြောင်း သိရသည်။
- **ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် -**၂၀၂၄ခုနှစ်၊ဇန်နဝါရီ ၂၉ ရက်နေ့တွင် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဟုမ်းကျေးရွာကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်တပ်က လေကြောင်းဖြင့် ဗုံးကြဲ တိုက်ခိုက်ခဲ့ခြင်းကြောင့် အရပ်သား ၇ ဦး သေဆုံးပြီး လူနေအိမ်အများပြား ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

## (ခ) လက်နက်ကြီးဖြင့် လူနေရပ်ရွာများကို ပစ်ခတ်တိုက်ခိုက်ခြင်း

ဤအစီရင်ခံစာတင်ပြသည့်ကာလအတွင်း လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုသည် အရပ်သား ပြည်သူများ၏ နေအိမ်နှင့်အခြားပိုင်ဆိုင်မှုများအား များစွာထိခိုက်ပျက်စီးစေလျက် ပြည်သူလူထု၏ အသက်ရှင်သန်မှုအပေါ် ကြီးမားသောအန္တရာယ်တစ်ရပ်ဖြစ်ခဲ့ပါသည်။ စစ်တပ်သည် တိုက်ပွဲဖြစ်ပွားခြင်းမရှိပဲ အရပ်သားပြည်သူများ နေထိုင်ရာ ရပ်ကွက်ကျေးရွာများသို့ စစ်ကြောင်းထိုး ဝင်ရောက်စီးနင်းရာတွင်ဖြစ်စေ၊

ကျေးရွာများအတွင်းပြည်သူပိုင်ပစ္စည်းများကို မီးရှို့မြေလှန်ဖျက်ဆီးသည့် လုပ်ဆောင်ချက်များ ပြုလုပ်ရာတွင် ဖြစ်စေ လက်နက်ကြီးဖြင့်တိုက်ခိုက်ခြင်းကိုနည်းဗျူဟာတစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခဲ့ပါသည်။

စစ်တပ်သည် အရပ်သားပြည်သူများအကြား ၎င်းတို့အပေါ် အကြောက်တရားများ ဖြစ်ပေါ်ပျံ့နှံ့စေရန် နေအိမ်၊ စာသင်ကျောင်း၊ ဆေးရုံနှင့် ဘာသာရေးအဆောက်အဦများစသဖြင့် အရပ်သားလူထုနေထိုင်ရာ နေရာများကို ဦးတည်တိုက်ခိုက်မှုများမကြာခဏပြုလုပ်လေ့ရှိခဲ့သည်။ ယခုသုံးလပတ်အတွင်း ဆိုးရွားသော ဖြစ်စဉ် တစ်ခုမှာ ဇန်နဝါရီ ၅ ရက်နေ့တွင် စစ်တပ် ညောင်လေးပင်အခြေစိုက် ခမရ ၂၀ တပ်ရင်းမှ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်နှင့် ရွှေကျင်(ဆောထိ)နယ် အစပ်ရှိ ရေဖြူကန်ကျေးရွာအတွင်း နာရေးပြုလုပ်နေသည့် နေအိမ်ပေါ်ကို ကျရောက်ပေါက်ကွဲပြီး ဒေသခံ ၄ ဦးသေဆုံးကာ ကလေးတစ်ဦးအပါအဝင် ၁၆ ဦးဒဏ်ရာရရှိခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုပင်ဖြစ်သည်။ စစ်တပ်၏ လက်နက်ကြီးများဖြင့် လူနေရပ်ရွာများပါမကျန် ရမ်းသမ်းပစ်ခတ်တိုက်ခိုက်မှုများသည် အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် အရပ်သားပြည်သူများကို ထိခိုက်ဒဏ်ရာရမှု၊ သေဆုံးမှုတို့ကို ဖြစ်စေပြီး နေရပ်ဒေသစွန့်ခွာရမှုများနှင့် စာသင်ကျောင်း၊ ဆေးရုံနှင့် ဘာသာရေးအဆောက်အဦများစွာ ထိခိုက်ပျက်စီးစေသည် ကို အောက်ပါဖြစ်စဉ် များက မီးမောင်းထိုးဖော်ပြနေပါသည်။

- **စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်**- ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့ မနက်ပိုင်းတွင် စစ်တပ်က ဟောင်ဝစ်ဇာ တာဝေးပစ်အမြောက် ၈ လုံးဖြင့်ပစ်ခတ်ခဲ့ရာ စစ်ကိုင်းတိုင်း၊ ကောလင်းမြို့ ဈေးထဲကို လက်နက်ကြီးကျည် ကျရောက် ပေါက်ကွဲသောကြောင့် ဒေသခံ ၆ ဦး သေဆုံးပြီး ၂ ဦးဒဏ်ရာရခဲ့ကြောင်းသိရသည်။

- **ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်-** ဇန်နဝါရီ ၁၅ ရက်နေ့တွင် ကျီးလေရွာကို စစ်တပ်က လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်သောကြောင့် ကလေးငယ်အပါဝင် အရပ်သား ၄ ဦး သေဆုံးခဲ့ပြီး ၃ ဦး ပြင်းထန်ဒဏ်ရာ ရရှိခဲ့သည်။ကျီးလေရွာတွင် ပလက်ဝမြို့နှင့် မီးလက်ဝ ကျေးရွာတို့မှ ထွက်ပြေးတိမ်းရှောင်လာကြသည့် စစ်ဘေးရှောင်များနှင့် အရပ်သားများ နေထိုင်ကြပြီး စစ်တပ်သည် တိုက်ပွဲဖြစ်ပွားခဲ့ခြင်းမရှိဘဲ အကြောင်းမဲ့ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။

- **ရခိုင်ပြည်နယ်၊ဘူးသီးတောင်မြို့နယ်-** ၂၀၂၄ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်- ဘူးသီးတောင်အခြေစိုက် စစ်ကောင်စီ၏ စကခ (၁၅) မှ အရပ်သားပြည်သူများ နေထိုင်ရာကျေးရွာများသို့ လက်နက်ကြီး များဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဘူးသီးတောင်မြို့နယ်၊ မောင်နှမပုလဲ တောင်ရွာကြီးမှ အရွယ်မရောက်သေးသော မွတ်ဆလင်ညီအစ်ကို (၃) ဦး ပွဲချင်းပြီး သေဆုံးခဲ့ရပြီး ကလေးငယ် (၂) ဦး အပါအဝင် (၈) ဦးတို့လည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

- **ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်** - ၂၀၂၄ခုနှစ်၊ဇန်နဝါရီ ၂၇ ရက်နေ့တွင် ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ နန်းမား ၃၈၆ အမြောက်တပ်မှ နန်းမားမြို့အနီးဝန်းကျင်ကျေးရွာများသို့လက်နက်ကြီး များ ပစ်ခတ်ခဲ့ခြင်းကြောင့် နန်းမားမြို့မှ သားအမိနှစ်ဦးသေဆုံးခဲ့ပြီး ကသည်းကုန်းရွာမှ အသက် ၂၀ ကျော် အမျိုးသားတစ်ဦးလည်း သေဆုံးခဲ့သည်။

- **ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်** - ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၉ ရက် မနက်ပိုင်းတွင် စစ်တပ်မှ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်သည် ရခိုင်ပြည်နယ်၊စစ်တွေမြို့၊ လူစည်ကားရာမြို့မဈေးကြီး

အနီး ကျရောက် ပေါက်ကွဲခဲ့သောကြောင့် အမျိုးသမီး၊ ကလေးနှင့် သက်ကြီးရွယ်အိုများအပါအဝင် အရပ်သား ၁၂ ဦးသေဆုံးပြီး ၁၈ ဦး ပြင်းထန်ဒဏ်ရာများ ရရှိခဲ့သည်။

- **ရှမ်းပြည်နယ်၊ဆီဆိုင်မြို့နယ်** - ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် စစ်တပ်သည် မြေပြင်တွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိပဲ ရှမ်းပြည်နယ် တောင်ပိုင်း ဆီဆိုင်မြို့ကို လက်နက်ကြီး၊ လေကြောင်းတို့မှ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ သံဃာတော်(၅၀၀)ကျော်ကို ဗုဒ္ဓစာပေများ သင်ကြားပေးကာ အေးချမ်းစွာ သာသနာပြုနေသည့် ပအိုဝ်းဒေသအတွင်းရှိ အကြီးမားဆုံး စာသင်တိုက်ဖြစ်သည့် ဇဝနာရာမပရိယတ္တိ စာသင်တိုက်ကြီး ပျက်စီးခဲ့ရသည်။ ဇဝနာရာမ ပရိယတ္တိစာသင်တိုက်သည် ပအိုဝ်းတမျိုးသားလုံး အထွဋ်အမြတ်ထားကိုးကွယ်သည့် ဘုန်းတော်ကြီးကျောင်းဖြစ်ကြောင်း သိရသည်။

- **ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်** - ၂၀၂၄ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ပေါ် ကသည်းရပ်ကွက်နှင့် အောင်မင်္ဂလာ ရပ်ကွက်အကြားကို လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲ ခဲ့မှုကြောင့် ရိုဟင်ဂျာ (၇) ဦး သေဆုံးပြီး (၅)ဦး ဒဏ်ရာရခဲ့သည်။

- **ရှမ်းပြည်နယ်၊ဆီဆိုင်မြို့နယ်** - ၂၀၂၄ ခုနှစ် မတ်လ ၅ ရက်နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့အား ဆိုက်ခေါင်စံပြကျေးရွာတွင် အခြေစိုက်သည့် စစ်တပ်မှ လက်နက်ကြီးများ၊ ဒရုန်းများဖြင့် တနေ့လုံး ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဆီဆိုင်ဆေးရုံ အဆောက်အဦတချို့နှင့် မြို့တွင်းရှိ အဆောက်အဦတချို့ ထိခိုက်ပျက်စီးခဲ့သည်။

## ၂.၆။ ထိခိုက်နစ်နာလွယ်အုပ်စုဝင်များနှင့် နိုင်ငံရေးအကျဉ်းသားများအား အကြမ်းဖက်ခြင်း

စစ်တပ်သည် နိုင်ငံဒေသတန့်တလျားရှိ ပြည်သူများအပေါ် အကြမ်းဖက်မှုလုပ်ဆောင်ချက်များ အရှိန် အဟုန်တိုးမြင့်လာသည်နှင့်အမျှ အရပ်သားများသေကြေထိခိုက်မှုများ၊ ပြည်သူပိုင်ပစ္စည်းများပျက်စီး ဆုံးရှုံး မှုများ မြင့်တက်လာသည်။ စစ်တပ်၏ မီးရှို့မြေလှန်လုပ်ဆောင်ချက်များနှင့် အခြားသောအကြမ်းဖက်မှု များသည် အရပ်သားများအပေါ်၊ အထူးသဖြင့် ကလေးငယ်၊ အမျိုးသမီးများ၊ အသက်အရွယ်ကြီးသူများ၊ မသန်စွမ်းများ၊ ကိုယ်ဝန်ဆောင်နှင့် စိတ်မနှံ့သူများ၊နိုင်ငံရေးအကျဉ်းသားများစသဖြင့် ထိခိုက်နစ်နာလွယ် အုပ်စုဝင်များအပေါ် ပြင်းထန်သောသက်ရောက်မှုဖြစ်ပေါ်စေခဲ့သည်။

၂၀၂၄ခုနှစ်၊ ပထမ ၃လပတ်အတွင်း စစ်တပ်၏ နိုင်ငံတဝှမ်းရှိ ကလေးငယ်များအပါအဝင် အရပ်သား ပြည်သူ များအပေါ် နည်းလမ်းအမျိုးမျိုးဖြင့် အကြမ်းဖက်မှုများသည် ကလေးငယ်များ၊ အမျိုးသမီးငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများစသည့် ထိခိုက်ခံစားလွယ်အုပ်စု ဝင်များအပေါ် ထိခိုက်ဆုံးရှုံးမှုများ ပိုမိုဖြစ်ပွားစေခဲ့သည်။ စစ်တပ်၏ လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်မှု၊ လေကြောင်းတိုက်ခိုက်မှု၊ ဓားစာခံအဖြစ်ဖမ်းဆီးမှု၊ ညှဉ်းပမ်းနှိပ်စက်မှုစသဖြင့် စုံလင်ကွဲပြားသော အကြမ်းဖက်မှုနည်းလမ်းများကြောင့် အသက်(၁၈)နှစ်အောက်ကလေး (၈၂) ဦး၊ သက်ကြီးရွယ်အို (၃၀) ဦး၊ ကိုယ်ဝန်ဆောင်အမျိုးသမီး (၅) ဦးတို့ ထိခိုက်သေဆုံးခဲ့ရပြီး ထိခိုက်ခံစားလွယ်အုပ်စုဝင်များအပေါ် စစ်တပ်၏ အကြမ်းဖက်မှု ကျူးလွန်ပုံနှင့် အကျိုးဆက်တို့ကို အောက်ပါခေါင်းစဉ်ခွဲအလိုက်စုစည်း ဖော်ပြ ထားသော ဖြစ်စဉ်အချို့မှ ဖော်ညွှန်းလျက်ရှိပါသည်။

## (က) ကလေးသူငယ်များအား သတ်ဖြတ်ခြင်းနှင့် ထိခိုက်ဒဏ်ရာရစေခြင်း

စစ်တပ်သည် နိုင်ငံတဝှမ်းရှိ ကလေးငယ်များအပါအဝင် အရပ်သားပြည်သူများအပေါ် အကြမ်းဖက်မှုများကျူးလွန်လျက်ရှိရာ ပထမ ၃ လပတ်အတွင်း ပြည်နယ်နှင့်တိုင်း (၁၄) ခုတွင် စစ်တပ်၏ အကြမ်းဖက်မှုများကြောင့် ကလေးငယ်များကို ထိခိုက်ဒဏ်ရာရစေခြင်း၊ သေဆုံးစေခြင်းဖြစ်စဉ်ပေါင်း (၈၉) ခုရှိခဲ့ပြီး ပဲခူးတိုင်းဒေသကြီးတွင် (၁၈) ခု၊ ရခိုင်ပြည်နယ်တွင် (၁၈) ခု၊ စစ်ကိုင်းတိုင်းဒေသကြီး တွင် ဖြစ်စဉ် (၁၁) ခုစီဖြင့် အများဆုံးဖြစ်ပွားခဲ့သည်ကို မှတ်တမ်းများအရသိရသည်။ စစ်တပ်၏ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုနှင့်ဗုံးကြဲတိုက်ခိုက်မှုတို့ကြောင့်ကလေးငယ် (၇၅) ဦးထိခိုက်ဒဏ်ရာရခဲ့ပြီး (၇၆) ဦးခန့် သေဆုံးခဲ့ကာ အကြောင်းအမျိုးမျိုးကြောင့် (၄) ဦး ဖမ်းဆီးခံထားရပြီး အောက်ပါဖြစ်စဉ်များတွင် စစ်တပ်၏ လူမမယ်ကလေးငယ်များအပေါ် အကြမ်းဖက်မှုကျူးလွန်ခဲ့သည်များ ကို လေ့လာသိရှိနိုင်ပါသည်။

- **ရခိုင်ပြည်နယ်၊ကျောက်တော်မြို့နယ်-** ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့က ကျောက်တော်မြို့နယ်၊ မျောက်တောင်ရွာကို စစ်တပ်က ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် သုံးနှစ်သားအရွယ်ကလေး တစ်ဦးအပါအဝင် နှစ်ဦးသေဆုံးခဲ့ပြီး ငါးဦး ဒဏ်ရာရခဲ့ကြောင်းသိရသည်။
- **စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်-** ၂၀၂၄ခုနှစ်၊ ဇန်နဝါရီ ၃ ရက်နေ့တွင် ကလေးမြို့နယ် လက်ပံချောင်းရွာအတွင်း စစ်တပ်က ပစ်လိုက်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် ကိုးနှစ်အရွယ် ကလေးငယ် မောင်ဂျိုးဆက်မာလ်ဆုမ်လွာ (Joseph Malsawmhlua) သေဆုံးပြီး ရွာခံ ခြောက်ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။
- **စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ် -** ၂၀၂၄ခုနှစ်၊ဖေဖော်ဝါရီလ၊(၁၅)ရက်နေ့ နေ့လည်တွင် စစ်တပ်လက်အောက်ခံ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ မြင်းစီးကျေးရွာ ပျူစောထီးများ သည် မြင်းစီးကျေးရွာမှ ကလေးငယ်နှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးအပါအဝင် အပြစ်မဲ့ အရပ်သားပြည်သူ(၆)ဦးအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါသည်။
- **မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်-** ၂၀၂၄ခုနှစ်၊ဖေဖော်ဝါရီလ ၁၉ ရက် မနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ် စကားပင်ရွာကို စစ်တပ်က ဝင်ရောက်စီးနင်း ပြီးနောက် အသက် ၁၅ နှစ်ဝန်းကျင် အမျိုးသား သုံးဦး အပါအဝင် ဒေသခံ ရှစ်ဦး အသတ်ခံခဲ့ရခြင်း။
- **ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်-** ၂၀၂၄ခုနှစ်၊ မတ်လ ၁၁ ရက်နေ့ နေ့လယ်က အမြောက် တပ်က ပစ်ခတ်သည့်လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် ဗန်းမော်မြို့နယ်၊ တာလီကျေးရွာမှ စစ်ဘေးရှောင်လာသည့် ဒေသခံ အသက် ၁၅ နှစ်အရွယ် နှစ်ဦး၊ အသက် ၁၉ နှစ်အရွယ် တစ်ဦး စုစုပေါင်း ၃ ဦး သေဆုံးခဲ့ကြောင်းသိရသည်။ အလားတူ မတ်လ ၁၀ ရက်နေ့ တွင် ဖားကန့်မြို့နယ်၊ နန့်မော်ကျေးရွာသို့ စစ်တပ်မှ ပစ်ခတ်သည့် လက်နက်ကြီးကြောင့် ကလေးငယ်တစ်ဦး၊ အမျိုးသမီး တစ်ဦး သေဆုံးပြီး ကလေးငယ်တစ်ဦး ထိခိုက်ဒဏ်ရာပြင်းထန်ခဲ့ကြောင်း ဒေသခံများထံမှသိရသည်။
- **မကွေးတိုင်း၊ ဆောမြို့နယ်-** ၂၀၂၄ခုနှစ်၊ မတ်လ ၇ ရက်နေ့ တွင် မကွေးတိုင်း ဆောမြို့နယ်မြောက်ပိုင်း ကျောက်ထုမြို့အနီး ကြန်တောရွာကို စစ်တပ်က လက်နက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ၆ နှစ်အရွယ် ကလေးတစ်ဦးနှင့်CDM ကျောင်းဆရာမတစ်ဦး သေဆုံးခဲ့ကြောင်းသိရသည်။

## (ခ) သက်ကြီးရွယ်အိုများအား တိုက်ခိုက်ခြင်း

**၂၀၂၄ခုနှစ်၊ ပထမ၃လပတ်အတွင်း စစ်တပ်၏** သက်ကြီးရွယ်အိုများအပေါ် အကြမ်းဖက်မှုကြောင့် သေဆုံးသူ (၃၀)ဦးနှင့် ထိခိုက်ဒဏ်ရာရသူ(၈)ဦးရှိခဲ့ပြီး ၎င်းတို့အနက် (၁၆)ဦးမှာ လေကြောင်း၊ လက်နက်ကြီး လက်နက်ငယ်များဖြင့်တိုက်ခိုက်ခံရမှုကြောင့် သေဆုံးရခြင်းဖြစ်သည်။ (၁၁)ဦးမှာ ကျေးရွာများကို စီးနင်းစဉ် ထွက်မပြေးနိုင်၍ ဖမ်းဆီးသတ်ဖြတ်ခြင်းနှင့် မီးရှို့သတ်ဖြတ်ခံရခြင်းတို့ဖြစ်သည်။ **အောက်ပါဖြစ်စဉ်များသည်** စစ်တပ်၏ သက်ကြီးရွယ်အိုများအပေါ် အကြမ်းဖက်မှု ပုံစံအမျိုးမျိုးကို တင်ပြဆွေးနွေးထားပါသည်-

- **မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်** - ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ ရေစကြို မြို့နယ်၊ ပညင်းကျေးရွာအတွင်း စစ်တပ်၏ ရေစကြို အထိုင် တပ် ခ.လ.ရ ၂၅၈ တပ်ရင်းမှ ရမ်းသမ်းပစ်ခတ်သည့် လက်နက်ကြီး ကျည်ထိမှန်၍ အသက် ၈၄ နှစ်ဝန်းကျင်ခန့် အဘိုး ဦးအောင်ခင်နှင့် အသက် ၇၃ နှစ် အရွယ်အဘွား ဒေါ်စံယုတို့ သေဆုံးခဲ့ကြောင်း ဒေသပြည်သူများထံမှသိရသည်။
- **စစ်ကိုင်းတိုင်းဒေသကြီး၊စစ်ကိုင်းမြို့နယ်-** ၂၀၂၄ခုနှစ်၊ ဇန်နဝါရီ ၁၃ ရက်နေ့တွင် စစ်ကိုင်းမြို့နယ်၊ ညောင်ပင်သာအုပ်စု၊ ပေါက္ကားရွာကို စစ်တပ်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ် ဝင်ရောက်စီးနင်း မီးရှို့ဖျက်ဆီးရာ စာသင်ကျောင်းနှင့် လူမှုကူညီရေးအသင်းရုံး အပါအဝင် နေအိမ် အလုံး(၇၀) မီးလောင်ပြာကျပြီးထွက်မပြေးနိုင်ဘဲ ကျန်ရစ်ခဲ့သည့် အသက်(၈၀)ကျော် အဖွားတစ်ဦး မီးလောင်သေဆုံးခဲ့ရသည်။
- **ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ် -** ၂၀၂၄ခုနှစ်၊မတ်လ ၁၈ ရက်နေ့တွင် အင်အား ၇၀ ကျော်ပါ စစ်တပ်စစ်ကြောင်းသည် ပဲခူးတိုင်း၊ ထန်းတပင်မြို့နယ်၊ ဝွေးကုန်းရွာထဲကို ဝင်ရောက်ပြီး နေအိမ်မှထွက်မပြေးနိုင်သော အသက် ၇၀ အရွယ် ဦးတင်ဆောင်ကို ဖမ်းဆီးကာ ကြိုးတုပ် ခေါ်ဆောင်ပြီး ရွာထဲမှာပင် ဓာတ်ဆီလောင်းမီးရှို့ခဲ့ကြောင်း သိရသည်။
- **မန္တလေးတိုင်းဒေသကြီး၊မြင်းခြံမြို့နယ်** - ၂၀၂၄ခုနှစ်၊ မတ်လ၁၂ရက်နေ့တွင် စစ်တပ်သည် မြင်းခြံမြို့နယ်၊ သင်ပြွန်းရွာထဲသို့ လက်နက်ငယ်များဖြင့် ပစ်ခတ်ဝင်ရောက်ကာ ရွာမြောက်ပိုင်းရှိ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ကြပါသည်။ ရွာသူရွာသားများ ထွက်ပြေးတိမ်းရှောင်ကြရပြီး လေဖြတ်နေသည့် အသက်၇၅နှစ်အရွယ် ဒေါ်ပေါတင်မှာ ထွက်မပြေးနိုင်ဘဲ မီးလောင်သေဆုံးခဲ့ ပါသည်။ နေအိမ် ၁၃၇ အိမ် မီးလောင်ဆုံးရှုံးခဲ့ကြောင်းသိရပါသည်။ထို့ပြင်စစ်တပ်သားများသည် ဆိတ်ကုန်းရွာသို့ထွက်သွားရာ လမ်းခုလတ်တွင် လယ်ယာလုပ်ရင်း စစ်တပ် ရွာထဲဝင်လာ၍ နေအိမ်မပြန်ဘဲနေနေသည့် အသက်(၇၀)အရွယ် ဦးစိုးတင်အား ပစ်သတ်သွားကြောင်း သိရပါသည်။
- **မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်** - ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် နေ့တွင် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ ချိုင်ရွာကို စစ်ကောင်စီတပ်နှင့် ပျူစောထီးပူးပေါင်းအဖွဲ့တို့ စီးနင်းမီးရှို့ခဲ့မှုကြောင့် နေအိမ် ၁၅၀ မီးလောင်ပျက်စီးခဲ့ပြီး ထွက်မပြေးနိုင်သည့် အသက် ၈၀ အရွယ် ဒေါ်ဝိုင်းတင်၊ သားဖြစ်သူ အသက် ၆၀ အရွယ် ဦးကျော်ဝင်း၊ အသက် ၇၀ အရွယ် ဒေါ်စိန်မြိုင်တို့ မီးလောင် သေဆုံးခဲ့ကြောင်းသိရသည်။

- **စစ်ကိုင်းတိုင်းဒေသကြီး၊ဝက်လက်မြို့နယ်** - ၂၀၂၄ခုနှစ်၊ မတ်လ၊ ၈ ရက်နေ့တွင် စစ်တပ်လက်အောက်ခံ ခမရ(၁၂)တပ်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ဝက်လက်မြို့နယ်၊ ဟံလင်းကျေးရွာအတွင်း စစ်ကြောင်းထိုးဝင်ရောက်လာကာ အသက်(၆၇)နှစ်အရွယ် ဒေါ်ခင်ဝင်း ဆိုသူအား သတ်ဖြတ်ပြီး၊ အသက်(၁၀)နှစ်အရွယ် မိန်းကလေး ၂ ဦးနှင့် အသက်(၄၀)အရွယ် ဒေါ်အေး တို့ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါသည်။
- **စစ်ကိုင်းတိုင်းဒေသကြီး၊ကန့်ဘလူမြို့နယ်** - ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့ မနက်ပိုင်းတွင် စစ်တပ်နှင့်ပျူစောထီးများသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ တင်မော်ကျေးရွာမှ အသက် (၇၀)နှစ်အရွယ် ဦးရဲရွှေနှင့် အသက် (၃၅) နှစ်အရွယ် ကိုမောင်ချိုတို့နှစ်ဦးအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါသည်။

## (ဂ) လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း

စစ်တပ်သည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ပုံစံအမျိုးမျိုးဖြင့် ကျူးလွန်နေပြီး ၎င်းတို့အား ဆန့်ကျင်သူများ အပါအဝင် အရပ်သားများကို ဖိနှိပ်ရန် လက်နက်တစ်ခုသဖွယ် အသုံးပြုနေသည်။ အဓမ္မပြုကျင့်ခြင်းသည် ပြည်သူများအား အကြမ်းဖက်ခြိမ်းခြောက်ရန် နှင့် ၎င်းတို့၏အကြင်နာကင်းမဲ့သောရက်စက်ယုတ်မာမှုကိုပြသရန် စစ်တပ်မှ သုံးလေ့ရှိသော နည်းဗျူဟာတစ်ခုပင်ဖြစ်သည်။ ဤအစီရင်ခံစာတင်ပြသည့်ကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်စဉ် ၄ ခုဖြစ်ပွားခဲ့ပြီး မုဒိန်းကျင့်ခံရသူ (၄) ဦးရှိခဲ့ကာ အကျဉ်းထောင် အတွင်းလိင်ပိုင်းဆိုင်ရာ စော်ကားခံရမှုများလည်းရှိခဲ့သည်။ မုဒိန်းကျင့်ခံရသူ ၄ ဦးအနက် ၂ ဦးမှာ အမျိုးသားများဖြစ်ပြီး စစ်တပ်သည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ကျူးလွန်ရာတွင် ကျား၊ မ LGBT ၊ အိမ်ထောင်ရှိသူ စသည် မည်သူ့ကိုမှ အလွတ်မပေးဘဲရက်စက်စွာကျူးလွန်နေသည်ကို အောက်ပါဖြစ်စဉ် များက သက်သေခံလျက်ရှိသည်။

၁။ **ရခိုင်ပြည်နယ်၊မြောက်ဦးမြို့-** ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် စစ်တပ် (၅၄၀)တပ်ရင်းမှ လူသားဒိုင်းအဖြစ် ခေါ်ဆောင်သွားသည့် ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ ရှောက်တောစုရပ်ကွက်မှ ဦးထွန်းထွန်းဦး (၃၅နှစ် )၊ ကိုစောနိုင်ထွန်း (၂၈ နှစ်) နှင့် အလယ်ဈေးရပ်ကွက်မှ ဦးစံရွှေကျော် (၅၂နှစ်) တို့ကို စစ်သားများက သက်ကျမာန်အောင်ဘုရားအနီးတွင်း လက်ပြန်ကြိုးတုပ်လျက် သေနတ်ဖြင့်ပစ်သတ်သွားခဲ့ပြီး ဦးထွန်းထွန်းဦးနှင့် ကိုစောနိုင်ထွန်းတို့၏ အလောင်းများတွင် အသတ်မခံရမီယောက်ျားချင်း အဓမ္မပြုကျင့်ခံရသည့် လက္ခဏာများ တွေ့ရသည်ဟု မျက်မြင်တွေ့ရသူများထံမှသိရသည်။

၂။ **မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်-** ၂၀၂၄ခုနှစ်၊မတ်လ ၄ ရက်နေ့တွင် ပခုက္ကူမြို့အခြေစိုက် တပ်မ (၁၀၁) မှ အင်အား တစ်ရာခန့်ပါသည့် စစ်တပ်စစ်ကြောင်းသည် မကွေးတိုင်း၊ ပခုက္ကူမြို့နယ်၊ ကမ္မမြို့ကို ဝင်ရောက်လာစဉ် အသက် ၈၂ နှစ်အရွယ် ဒေါ်ကြည်အောင်နှင့် သမီးဖြစ်သူ အသက် ၄၆ နှစ်အရွယ် ဒေါ်မိခိုင်တို့ကို သတ်ဖြတ်ခဲ့ကြောင်း၊ သေဆုံးနေသည့် သမီးဖြစ်သူ အမျိုးသမီး၏ ရင်ဘတ်၊ နောက်ကျောများကိုဓားဖြင့်မွန်းထားပြီး သားမယားအဖြစ် ပြုကျင့်ထားသည့်ပုံစံမျိုးတွေ့ရှိရကြောင်း သိရသည်။

၃။ **မန္တလေးတိုင်းဒေသကြီး၊မြင်းခြံမြို့နယ်-** ၂၀၂၄ခုနှစ်၊ မတ်လ၁၂ရက်နေ့ သင်ပြွန်းရွာကို မီးရှို့လာသည့် စစ်တပ်စစ်ကြောင်းသည် မြင်းခြံမြို့နယ်၊ဆိတ်ကုန်းရွာသို ဝင်ရောက်လာ၍ ရွာသားများ ထွက်ပြေးကြရပြီး ကိုမှုံကြီး၊မမိုးစန္ဒာတို့ ဇနီးမောင်နှံသည် ဆိုင်ကယ်ဖြင့်ထွက်ပြေးစဉ် စစ်တပ်စစ်ကြောင်းနှင့် ထိပ်တိုက်တိုးပြီး မမိုးစန္ဒာမှာ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျပြီး ဖမ်းဆီးခံခဲ့ရပါသည်။စစ်တပ်သည် မမိုးစန္ဒာအား ဖမ်းဆီးစစ်ဆေးခဲ့ပြီး ညနေဖြနာရီခန့်တွင် သေနတ်ဖြင့် ပစ်သတ်ပြီး မီးရှို့ခဲ့ကြောင်း၊ မိုးစန္ဒာ၏ ရုပ်အလောင်းမှာ ဘော်လီကိုင်းကြိုးသာကျန်နေပြီး ခြေထောက် ၂ ဖက်မှာ ကွေးလျက်အနေအထားဖြင့် တွေ့ရကာ မုဒိမ်းကျင့်ခံရသည့် လက္ခဏာများလဲ တွေ့ရှိရကြောင်း သိရသည်။

## (ဂ) ရိုဟင်ဂျာလူနည်းစုဝင်များအား အကြမ်းဖက်ခြင်း

မြန်မာစစ်တပ်သည် လူနည်းစုဝင်ဘာသာရေးနှင့် လူမျိုးစုများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း ကျူးလွန်လျက်ရှိပြီး ထိုအထဲတွင် ရိုဟင်ဂျာ လူမျိုးများအား အဓမ္မဖမ်းဆီး၍ လူသားဒိုင်း အဖြစ်အသုံးပြုခြင်း၊ အစုလိုက်အပြုံလိုက်ဖမ်းဆီးခြင်းနှင့် သတ်ဖြတ်ခြင်း တို့ပါဝင်ခဲ့သည်။

၁။ စစ်တပ်က ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ စစ်ရှောင်စခန်းများမှ ဝင်ရောက်ဖမ်းဆီးသွားပြီး အတင်းအကြပ်စစ်မှုထမ်းဆောင်ခိုင်းရန် ခေါ်ဆောင်ခံရသည့် ရိုဟင်ဂျာလူငယ် ၁၀၀ ခန့်သည် လူသားဒိုင်းအဖြစ်အသုံးပြုခံရကာ ရှေ့တန်းတွင်ပိတ်မိပြီးသေဆုံးသွားကြောင်း ၂၀၂၄ခုနှစ်၊ မတ်လ ၁၄ ရက်နေ့က ဒေသတွင်း သတင်းအရင်းအမြစ်များတွင် ဖော်ပြထားသည်။

၂။ ၂၀၂၄ခုနှစ်၊မတ်လ ၁၉ ရက် နေ့က မွန်ပြည်နယ်၊ ရေးမြို့နယ် ကုလားကုတ်ကျွန်း အနောက်တောင်ဘက် ပင်လယ်ပြင်တွင် စက်လှေတစ်စီးအား တွေ့ရှိခဲ့ရပြီးနောက် စစ်ဆေးမှုများလုပ်ရာမှ ရိုဟင်ဂျာ လူမျိုး ကျား (၄၄) ဦး၊ မ (၃၄) ဦး၊ စုစုပေါင်း (၇၈) ဦး နှင့် လှေသားများကိုပါ ဖမ်းဆီးခံခဲ့ရကြောင်း သိရှိရပါသည်။

၃။ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်ညတွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ်ရှိ ၃၁ ဘုံဘုရားအနီးတောင်ကုန်းပေါ်တွင်တပ်စွဲထားသည့်စစ်တပ်ကလက်နက်ကြီးပစ်ခတ်ခဲ့ရာရိုဟင်ဂျာများနေထိုင်သည့် ဆင်သီပြင်ရွာထဲသို့ လက်နက်ကြီးကျည်သုံးလုံး ကျရောက်ပေါက်ကွဲခဲ့ပြီး ၂ ဦး သေဆုံးကာ နောက်ထပ် ၂ ဦး ဒဏ်ရာရခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

ဤဖြစ်စဉ်များအရ စစ်တပ်သည် ဤအစီရင်ခံကာလအတွင်း ရိုဟင်ဂျာ လူနည်းစုများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်ခဲ့သည်ကို ထင်ဟပ်ဖော်ပြလျက်ရှိသည်။

## (ဃ) နိုင်ငံရေးအကျဉ်းသားများအား အကြမ်းဖက်ခြင်း

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းတွင် လူသားတိုင်း ညှဉ်းပန်းနှိပ်စက်မှုမှ လွတ်ကင်းခွင့်ကို ပြဋ္ဌာန်းထားပြီး ရာဇဥပဒေတွင်လည်း အကျဉ်းသားများအား ညှင်းပန်းနှိပ်စက်ခြင်းကို လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ပြစ်မှုအဖြစ် တားမြစ်ထားသည်။ သို့သော်လည်း စစ်တပ်သည် ဖမ်းဆီးထိန်းသိမ်းခံထားရသော နိုင်ငံရေးအကျဉ်းသားများအား အကျဉ်းထောင်တွင်း လူမဆန်စွာ ရိုက်နှက်ညှဉ်းပန်းနှိပ်စက်မှုများ ပြုလုပ်နေခဲ့သည့်အပြင် အကျဉ်းထောင်အတွင်း ကျန်းမာရေး ညီညွတ်မှုမရှိခြင်း၊ လုံလောက်သည့်ဆေးကုသခွင့်မပေးခြင်း၊ အစာအာဟာရလုံလောက်စွာမရရှိခြင်း၊ ထောင်ဝင်စာပိတ်ပင်ခြင်း၊

အကျဉ်းထောင်ပြင်ပသို့ခေါ်ထုတ်သတ်ဖြတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာစော်ကားခြင်းနှင့် အခြားလူမဆန်သော ခြိမ်းခြောက်မှု နှိပ်စက်မှုများကိုလည်း ကျူးလွန်လျက်ရှိသည်။

အစီရင်ခံစာ ရေးသားသည့် ၂၀၂၄ခုနှစ်၊ ပထမ ၃ လ အတွင်း နိုင်ငံရေးအကျဉ်းသားများအပေါ် အကြမ်းဖက်မှုများ သိသိသာသာတိုးလာခဲ့ပြီးဖြစ်စဉ် (၁၈)ခု ကောက်ယူရရှိခဲ့သည်။ တနင်္သာရီတိုင်း ထားဝယ်ထောင်မှ နိုင်ငံရေးအကျဉ်းသားနှစ်ဦး အကျဉ်းထောင်ပြင်ပ ခေါ်ထုတ်ခံရပြီးနောက် အသက် ၃၅ နှစ် အရွယ် နိုင်ငံရေးအကျဉ်းသား ကိုဝင်းသီဟ ကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်မှု ကဲ့သို့သော တရားလက်လွတ် သတ်ဖြတ်မှုများလည်း မြင့်တက်လာခဲ့သည်။ စစ်တပ်၏ နိုင်ငံရေးအကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုနှင့် အကြမ်းဖက်မှုတို့ကို အောက်ပါ ဖြစ်စဉ်များတွင်လည်း လေ့လာနိုင်သည်။

- ၂၀၂၄ခုနှစ်၊ မတ်လ ၂၈ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ မြို့တော်ခန်းမတွင် တပ်စွဲထားသော စစ်သားများက ချောင်းဦးမြို့နယ် လူငယ်သပိတ်ခေါင်းဆောင် ကိုမာန်ဇာမြေမွန်နှင့် နိုင်ငံရေးအကျဉ်း သား ကိုအောင်ကျော်ဇင်တို့ကို ရိုက်နှက်နှိပ်စက်မှုကြောင့် မတ်လ ၂၉ ရက်နေ့တွင် ကိုအောင်ကျော်ဇင် သေဆုံးခဲ့ပြီး ကိုမာန်ဇာမြေမွန်မှာလည်း ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။
- ၂၀၂၄ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်တွင် ပဲခူးမြို့အဝင်ဂိတ်၌ဖမ်းဆီးခံရသည့် နိုင်ငံရေးအကျဉ်းသူ ဟောင်း မနိဘယ်လ်အေးကို စစ်တပ်က ဖမ်းဆီးထားစဉ် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း မိသားစုဝင်တဦးမှ အတည်ပြုခဲ့သည်။
- ၂၀၂၄ခုနှစ် ပထမ ၃ လပတ်အတွင်း ရရှိခဲ့သည့်မှတ်တမ်းများအရ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၄၊ ၅၂ (က) တို့ဖြင့် ထောင်ဒဏ်တစ်သက် ချမှတ်ခံခဲ့ရသည့် မွန်ပြည်နယ်၊ ကျိုက်မရော အကျဉ်းထောင်မှ နိုင်ငံရေး အကျဉ်းသား ကိုရာရှင် (ခ) ဟာရှင်၊ မန္တလေးမြို့၊ မန္တလေး အိုးဘို အကျဉ်းထောင်တွင် ပုဒ်မ ၅၀၅(က)အမှု ၂ ခုဖြင့် ထောင်ဒဏ် ၆ နှစ် ချမှတ်ခံထားရပြီး ကျောက်ကပ် ရောဂါဝေဒနာခံစားနေရသည့် နိုင်ငံရေးအကျဉ်းသူ မယဉ်မိုး တို့သည့် လုံလောက်သည့် ဆေးဝါးကုသ ခွင့်မရ၍ သေဆုံးသွားကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ နိုင်ငံရေး အကျဉ်းသားကွန်ရက် (PPNM)မှ ပြောဆိုထားသည်။
- တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ် အကျဉ်းထောင်တွင် ပုဒ်မ ၅၂ (က)၊ ၅၀၅ (က) တို့ဖြင့် ထောင်ဒဏ်ကိုးနှစ် ချမှတ်ခံထားရသည့် နိုင်ငံရေးအကျဉ်းသား ဦးထွန်းဝေသည် မျက်လုံးတိမ်စွဲ ရောဂါကုသရန် ထောင်အာဏာပိုင်များကို တင်ပြသော်လည်း ခွင့်ပြုချက်မရသောကြောင့် မျက်လုံး ကွယ်လုနီးပါးထိ ရောဂါဝေဒနာ ဆိုးရွားလာနေပြီး နောက်ထပ် အသက် ၃၀ ဝန်းကျင် နိုင်ငံရေးအကျဉ်းသူတစ်ဦးလည်း လည်ပင်းအကျိတ်ရောဂါအတွက် ဆေးကုသခွင့်မရရှိကြောင်း သိရသည်။
- စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုအကျဉ်းထောင်တွင် ထောင်တွင်း ကျန်းမာရေး ညီညွတ်မှု မရှိခြင်း၊ ထောင်က ကျွေးသည့် ထမင်းနှင့် ဟင်းများတွင် ဗီတာမင်ဓာတ်ပါဝင်မှုနည်းခြင်းတို့အပါအဝင် ထောင်တွင်း အကျဉ်းသားများကို ထားရှိသည့်ပုံစံကြောင့် အကျဉ်းသားများ အောက်ပိုင်းချိသည့် ရောဂါ လက္ခဏာများ ခံစားနေရကြောင်း လက်ရှိအချိန်တွင် နိုင်ငံရေးအကျဉ်းသား ၅ ဦး အောက်ပိုင်းချိသည့်

ရောဂါခံစားနေရကြောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးထောင်မှ နိုင်/ကျဉ်းအမျိုးသမီးများကို ထောင်မှူးက သေနတ်ဖြင့်ချိန်ကာ မိသားစုနှင့်ဝေးကွာသည့်ထောင်များကို ပို့ဆောင်မည်ဟုပြောဆို ခြိမ်းခြောက်မှု၊ စိတ်ပိုင်းဆိုင်ရာ ဖိနှိပ်မှုများပြုလုပ်နေကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်ရှိ မအူပင်အကျဉ်းထောင်တွင် နိုင်ငံရေး အကျဉ်းသူ အမျိုးသမီးများကို လုံခြုံရေး အကြောင်းပြ၍ အကျဉ်းဦးစီးဌာနက လိင်အင်္ဂါ နှင့်စအိုများကို လက်ဖြင့် နှိုက်၍ စစ်ဆေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

## ၂.၇။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့်၊ အသင်းအဖွဲ့ဖွဲ့စည်းခွင့်ကို ပိတ်ပင်ခြင်း

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားခွင့်၊ ရှာဖွေဆည်းပူးနိုင်ခွင့်သည် အခြေခံအကျဆုံး လူ့အခွင့်အရေးဖြစ်သကဲ့သို့လွတ်လပ်သော ဒီမိုကရက်တစ်လူ့အဖွဲ့အစည်းတစ်ခု တည်တံ့ဖွံ့ဖြိုး စေရန်အတွက် အခြေခံအုတ်မြစ်ပင်ဖြစ်သည်။ သို့သော် မြန်မာစစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းတွင် လွတ်လပ်စွာ ပြောဆိုရေးသားခြင်း၊ စုဝေးခြင်းတို့ပြုလုပ်သဖြင့် တရားစွဲဆိုခံရမှု၊ ဖမ်းဆီးခံရမှု၊ သတ်ဖြတ်ခံရမှု များစွာ ရှိခဲ့သည်။၂၀၂၄ခုနှစ်၊ ပထမ ၃ လပတ်အတွင်း လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ရေးသားမှုကြောင့် ဖမ်းဆီးခံရမှု(၉)ခုကောက်ယူရရှိခဲ့သည်။ အများစုမှာ ဖေ့စ်ဘုတ်ကဲ့သို့သော လူမှုကွန်ယက် စာမျက်နှာပေါ်တွင် သပိတ်များ၊ ကမ်ပိန်းများမျှဝေခြင်း၊ စစ်တပ်ကို မနှစ်သက်ကြောင်း ရေးသားခြင်းတို့ကြောင့်ဖြစ်ပြီး နိုင်ငံရေးစာပေ ရေးသားဖြန့်ချီမှုကြောင့် စာအုပ်တိုက်များပိတ်ခြင်းနှင့် PDF နှစ်ဦးကို အရှင်လတ်လတ် မီးရှို့သတ်သည့် ဗီဒီယိုဖိုင်ကို မျှဝေခြင်းကြောင့် ဖမ်းဆီးခံရခြင်းလည်း ပါဝင်သည်။ လက်ရှိမြန်မာပြည်သူများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းမီဒီယာလွတ်လပ်ခွင့် လုံးဝမရှိတော့သည်အထိ အဆိုးဝါးဆုံး အခြေအနေသို့ ရောက်ရှိနေသည်ကို အောက်ပါဖြစ်စဉ်များမှ လေ့လာသိရှိနိုင်သည်။

- ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်နေ့တွင် ယောကာကွယ်ရေးတပ်ဖွဲ့ (YDF) အဖွဲ့ဝင် PDF လူငယ်နှစ်ဦး အရှင်လတ်လတ် မီးရှို့သတ်ဖြတ်ခံရသည့် သတင်းကို ဖေ့ဘုတ်လူမှုကွန်ရက်တွင် ဆုတောင်းစာနှင့် အတူ ပြန်လည်မျှဝေခဲ့သည့် မန္တလေးမြို့မှ အသက်(၁၈)နှစ်အရွယ် အမျိုးသမီး တစ်ဦးကို စစ်တပ်က ဖမ်းဆီးခဲ့ခြင်း။ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့၊ ည ၈ နာရီခန့်က မြင်းခြံမြို့၊ အမှတ်(၁၈) ရပ်ကွက်၊ ရွှေနန်းတော်KTVမှ မမူယာ (၂၆) နှစ်ခန့်ကိုလည်း ၎င်းဗီဒီယိုအား ဖေ့ဘုတ် လူမှုကွန်ယက် တွင် ပြန်လည်မျှဝေသောကြောင့် စစ်တပ်မှ ကား(၃)စီးဖြင့် လာရောက်ဖမ်းဆီးခဲ့ခြင်း။
- ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီ လ ၁ ရက်နေ့တွင် မန္တလေးမြို့၌ စစ်တပ်အာဏာသိမ်း သုံးနှစ်ပြည့် အသံတိတ်သပိတ်၊ အဖြူရောင်လှုပ်ရှားမှုတို့နှင့် ပတ်သက်သည့်စာများ ဖေ့စ်ဘုတ် လူမှုကွန်ရက် တွင် ရေးသားခဲ့သောကြောင့် ဒေသခံ သုံးဦးထက်မနည်း ဖမ်းဆီးခံလိုက်ရကြောင်းသိရသည်။
- ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်နေ့တွင် စစ်အာဏာသိမ်း ၃ နှစ်ပြည့် ဆန့်ကျင်သော အသံတိတ် သပိတ် တွင်ပါဝင်ပြီး ဆိုင်ပိတ်သည်ဟု အကြောင်းပြချက်ဖြင့် မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေ ကျောက်မျက်ရတနာရောင်းဝယ်ရေး စခန်းအတွင်းရှိ ဆိုင်ခန်းပေါင်း ၉၀ ကျော် ပိတ်ခံရပြီး ဆိုင်များကို ၆ လ၊ ၈ လ ရောင်းချခွင့်ပိတ်ကြောင်း စာလိုက်ကပ်ခဲ့သည်ဟုသိရသည်။
- ၂၀၂၄ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်နေ့တွင် နိုင်ငံရေးစာပေထုတ်ဝေပုံနှိပ်သော တိုးမြစ်စာအုပ်တိုက်နှင့် လပြည့်လင်းပုံနှိပ် မီဒီယာတိုက် တို့ကို စစ်တပ်လက်အောက်ခံ ပြန်ကြားရေးဝန်ကြီးဌာနက ပုံနှိပ်ထုတ်ဝေခွင့် လိုင်စင်များ ပိတ်လိုက်ကြောင်းသိရသည်။

## ၂.၈။စစ်တပ်ဆန့်ကျင်အဖွဲ့အစည်းများနှင့်အမည်မသိလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကျူးလွန်မှုများ

New Myanmar Foundation သည် စစ်တပ်ဆန့်ကျင်အဖွဲ့များနှင့် အမည်မသိ လက်နက်ကိုင်အဖွဲ့ များ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း ကောက်ယူမှတ်တမ်းတင်ခဲ့ရာ ၂၀၂၄ခုနှစ် ၊ ဇန်နဝါရီလမှ မတ်လအတွင်း စစ်တပ်ဆန့်ကျင်အဖွဲ့များ၏ ကျူးလွန်မှု(၆၅)ခု နှင့် အမည်မသိလက်နက်ကိုင်အဖွဲ့များ၏ ကျူးလွန်မှု (၄၅)ခုကို ကောက်ယူရရှိခဲ့ပါသည်။ ကျူးလွန်မှုအများဆုံးမှာ စစ်တပ်သတင်းပေးဟု သတ်မှတ်ခံရသူများနှင့် စစ်တပ်လက်အောက်ခံ အုပ်ချုပ်ရေးမှူးများကို သတ်ဖြတ်မှုများဖြစ်ပြီး တိုက်ပွဲအတွင်း လက်နက်ကြီးထိမှန်ခြင်း၊ မိုင်းကွဲခြင်းများကြောင့် ထိခိုက်သေဆုံးဒဏ်ရာရမှုများလည်း ပါဝင်သည်။ ၂၀၂၄ခုနှစ်၊ ပထမ၃လပတ်အတွင်း သတ်ဖြတ်မှု(၄၉) ခု၊ လက်နက်ကြီးထိမှန်ခြင်း မိုင်းကွဲခြင်းတို့ကြောင့် သေဆုံးမှု(၁၀)ခု နှင့် ထိခိုက်ဒဏ်ရာရစေမှု (၃၁)ခု ကောက်ယူရရှိခဲ့သည်။ စစ်တပ်သတင်းပေးဟု သတ်မှတ်ခံရသူများနှင့် စစ်တပ်လက်အောက်ခံ အုပ်ချုပ်ရေးမှူး စုစုပေါင်း (၄၅) ဦး သတ်ဖြတ်ခံရကာ အရပ်သားပြည်သူ(၂၆) ဦး ထိခိုက်သေဆုံးခဲ့သည်။ စစ်တပ်ဆန့်ကျင်အဖွဲ့များနှင့် အမည်မသိလက်နက်ကိုင်အဖွဲ့များမှ ကျူးလွန်သော ဖမ်းဆီးမှုဖြစ်စဉ် (၁၀) ခုရှိပြီး Non CDM ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများလည်း ပါဝင်ကြောင်း အွန်လိုင်း စောင့်ကြည့်လေ့လာမှု မှတ်တမ်း အချက် အလက်များအရ ရသည်။ ကျူးလွန်မှုများကို ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီး တို့တွင် ပိုမိုတွေ့ရှိရပြီး စစ်ကိုင်း၊ ရန်ကုန်၊ မန္တလေး၊မွန်၊ ကချင်ပြည်နယ်၊တနင်္သာရီတိုင်း တို့တွင်လည်း ဖြစ်ပွားခဲ့သည်ကို အောက်ပါဖြစ်စဉ်များအရ သိရှိနိုင်သည်။

၁။ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့က ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ဇေယျာသိမ်ကျေးရွာမှ ကြံခိုင်ရေးပါတီဝင် အသက် ၅၈ နှစ်အရွယ်ရှိ ဒေါ်ဌေးရီကို လက်နက်ကိုင်ဆောင်ထားသူလူတစုမှ ဖမ်းဆီးခေါ်ဆောင်သွားခံရပြီးနောက် ဇန်နဝါရီလ ၁၆ ရက်နေ့ မနက်၇နာရီခန့်တွင် ဇေယျာသိမ်နှင့် ကျွန်းတိုင်းရွာအကြားလမ်းပေါ်၌ လည်ပင်းထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေသည့် ရုပ်အလောင်း ကို တွေ့ရှိခဲ့ကြောင်းသိရသည်။

၂။ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီ ၈ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့နယ်၊ တိုင်းတရွာ မူလတန်းကျောင်း၌ ပညာရေးစုံညီပွဲတော်ကျင်းပနေစဉ် လက်နက်ကိုင်အဖွဲ့တဖွဲ့က ဝင်ရောက် စီးနင်းပြီး Non-CDM ဆရာ၊ ဆရာမ ၁၄ ဦးကို ဖမ်းဆီးကာ ကျပ်ငွေ သိန်း ၂၀ ဖြင့် ရွေးခိုင်းခဲ့ ကြောင်း သိရသည်။

၃။ ၂၀၂၄ခုနှစ်၊ဇန်နဝါရီလ ၃၀ ရက်နေ့က ရှမ်းပြည်နယ်၊ လားရှိုးမြို့ ညဈေးအနီးရှိ RD စက်ပစ္စည်း ဆိုင်ရှေ့ ဗုံးနှစ်လုံး ပေါက်ကွဲခဲ့ပြီး ဆိုင်ရှင်အမျိုးသား တစ်ဦးသေဆုံးခဲ့ကာ ကလေးငယ်တစ်ဦး အပါအဝင် ၃ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

၄။ ၂၀၂၄ခုနှစ်၊ဖေဖော်ဝါရီလ ၁၂ ရက်က မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးအပါအဝင်သုံးဦးကို ဒေသကာကွယ်ရေးအဖွဲ့များမှ ပစ်သတ်ခဲ့ကြောင်း ဒေသခံများ ထံမှသိရသည်။ အသတ်ခံရသူများမှာ အသက် ၄၅ မှ ၅၀ကြားရှိ ပျဉ်ချောင်းကျေးရွာ အုပ်ချုပ်ရေး မှူး ဦးညွန့်ဝင်း၊ ဦးသန်းဝင်းနှင့် ဦးမြင့်ဇော်တို့ ဖြစ်သည်။

၅။ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ၂၂ရက်နေ့က မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ရွာကြီးရွာ အနီးတွင် ဘုန်းကြီးကားတစ်စီးကို လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့မှ ကားရပ်ခိုင်းခဲ့ပြီး အရှိန်လွန်သွားသည့် ကားအား စက်သေနတ်ဖြင့် ပစ်ခတ်ခဲ့ရာ ကားပေါ်ပါ ဘုန်းကြီးတစ်ပါးနှင့် အမျိုးသမီးတစ်ဦး နေရာတွင်ပင် သေဆုံးခဲ့ပြီး အမျိုးသမီးတစ်ဦးမှာ ကျည်ထိမှန် ဒဏ်ရာရခဲ့ကြောင်း သိရပါသည်။

၆။ ၂၀၂၄ခုနှစ်မတ် ၅ ရက်နေ့တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကော့ဘိန်းကျေးရွာမှ အသက် ၅၀ အရွယ် ဦးမင်းမင်းကို အမည်မသိ သေနတ်သမားများက နေအိမ်တွင်လာရောက် ပစ်ခတ်ရာ မထိပဲ လေဖြတ်နေသည့် အသက် ၅၅ နှစ်အရွယ် ဦးသင်းသင်းအောင်ကို ထိမှန်သေဆုံးခဲ့ကြောင်း သိရသည်။

၇။ ၂၀၂၄ခုနှစ်၊ မတ်လ ၇ ရက်နေ့ က ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ် တောင်ပြို-ကြိမ်းချောင်း ကားလမ်းမပေါ်တွင် ဒေသခံအမျိုးသမီးတစ်ဦးနှင့် အမျိုးသားတစ်ဦးကို လက်နက်ကိုင်အဖွဲ့တစ်ခုမှ သေနတ်ဖြင့် ပစ်သတ်သွားကြောင်း သိရသည်။

၈။ ၂၀၂၄ခုနှစ်မတ်လ ၇ ရက်နေ့က မွန်ပြည်နယ်၊ ရေးမြို့နယ်၊ စံပြကျေးရွာအနီး သံဖြူဇရပ်-ရေး ကားလမ်းပေါ်တွင် စစ်တပ်ပိုင် Mytel ကုမ္ပဏီ အလုပ်သမား ၅ ဦးကို အမည်မသိ လက်နက်ကိုင်အဖွဲ့တဖွဲ့မှ ဖမ်းဆီးသွားကြောင်းသိရပါသည်။

၉။ ၂၀၂၄ခုနှစ်မတ်လ ၁၇ ရက် ည ၉ နာရီခန့်က ပဲခူးတိုင်းအရှေ့ခြမ်း၊ တောင်ငူမြို့နယ်၊ နေပူကုန်းကျေးရွာအုပ်စု၊ ကန်တရာကျေးရွာတွင် ကြံခိုင်ရေးပါတီ မြို့နယ်ကော်မတီဝင် ဦးစိန်မြင့်ကို လက်နက်ကိုင်ဆောင်ထားသူများမှ ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

၁၀။ ၂၀၂၄ခုနှစ်၊ မတ် ၂၁ ရက် ညနေ ၃ နာရီခန့်က ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့၊ သတိပဋ္ဌာန်ရပ်ကွက်၊ (၅) လမ်းတွင် နေထိုင်သည့် စစ်တပ်သတင်းပေးဟု လူသိများသူ အသက် ၄၀ အရွယ် ဦးစန်းအောင်ညွန့် (ခ) လူမုန်းကို တရပ်ကွက်တည်းနေ မိတ်ဆွေတဦး၏ နေအိမ်ခြံဝင်းထဲတွင် စကားပြောနေချိန် သေနတ်သမားများက ဝင်ရောက်ပစ်ခတ်သောကြောင့် နေရာတွင်ပင် သေဆုံးခဲ့ကြောင်း သိရသည်။

၁၁။ ၂၀၂၄ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ၃၀ ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကြည်ထွန်းနှင့် ဇနီးဖြစ်သူတို့သည် အမည်မသိ သေနတ်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဦးကြည်ထွန်း ပွဲချင်းပြီးသေဆုံးခဲ့ပြီး ဇနီးဖြစ်သူမှာ အရေးပေါ်ဆေးကုသမှု ခံယူနေရကြောင်း သိရသည်။

## ၃။ တွေ့ရှိချက်များကို ကိန်းဂဏန်းအချက်အလက်များဖြင့် အကျဉ်းချုပ်တင်ပြခြင်း

၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ပထမ သုံးလပတ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အချက်အလက်မှတ်တမ်းတင်ရရှိမှုများအရ အရပ်သား ပြည်သူများအပေါ် ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုပေါင်း (၁၀၈၁) ခု ရှိခဲ့ပြီး မတ်လတွင်ချိုးဖောက်မှု (၃၇၇) ခု ဖြင့် အများဆုံးရှိခဲ့သည်ကို တွေ့ရသည်။ ဤအစီရင်ခံစာ ရေးသားသည့် ၃ လအတွင်း ကောက်ယူရရှိသော အချက်အလက်များအရ ဖြစ်စဥ် အရေအတွက်မှာ တစ်လထက်တစ်လ ပိုမိုများပြားလာကြောင်း တွေ့ရှိရပြီး ပိုမို ဆိုးရွားရက်စက်သည့်သတ်ဖြတ်မှုများ၊ အရပ်သားပြည်သူများကိုပစ်မှတ်ထား၍ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ၊ လေကြောင်းမှ တိုက်ခိုက်မှုများနှင့် လူသားဒိုင်း/ ခဲစာခံအဖြစ်ဖမ်းဆီးခြင်းတို့အပြင် စစ်မှုထမ်းဥပဒေအကြောင်းပြကာ အဓမ္မဖမ်းဆီး၍ စစ်သင်တန်းတက်စေခြင်း၊ ခြိမ်းခြောက်ငွေညှစ်ခြင်း စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်ကျူးလွန်လာသည်ကိုတွေ့ရှိရပါသည်။ အရပ်သားပြည်သူများအပေါ် စစ်တပ်က အကြမ်းဖက်မှုများ ကျူးလွန်ရန် ပိုမိုရဲတင်းလာကြောင်း ဤတွေ့ရှိချက်များက ပြသနေပါသည်။ (ပုံ- ၁)



ပုံ ၁ - ၂၀၂၄ခုနှစ်၊ဇန်နဝါရီလမှမတ်လအထိ လစဥ် မှတ်တမ်းတင်ရရှိခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှု အရေအတွက်

ဒေသအလိုက်ကြည့်ပါက စစ်ကိုင်းတိုင်းဒေသကြီးတွင် ၃ လအတွင်း ဖြစ်စဥ် စုစုပေါင်း (၂၄၉) ခု ရှိခဲ့သဖြင့် ချိုးဖောက်မှုဖြစ်စဥ် အများဆုံး မှတ်တမ်းတင်ရရှိခဲ့သည့်ဒေသ ဖြစ်သည်။ ဒုတိယဖြစ်စဥ်အများဆုံးမှာ ရခိုင်ပြည်နယ်ဖြစ်ပြီး (၁၄၀) ခု ကောက်ယူရရှိခဲ့သည်။ မန္တလေးတိုင်းဒေသကြီးတွင်ဖြစ်စဥ် (၁၃၃) ခု ကောက်ယူရရှိခဲ့ပြီး တတိယမြောက် အများဆုံး ဖြစ်ပါသည်။(ပုံ - ၂)

ပုံ ၂ - ပြည်နယ်/တိုင်း တစ်ခုစီအတွက် ၂၀၂၄ခုနှစ် ပထမ ၃လပတ်အတွင်းလအလိုက် မှတ်တမ်းတင်ရရှိခဲ့သော ချိုးဖောက်မှုအရေအတွက် နှိုင်းယှဥ်ချက်



**ပုံ ၃ -၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၁ရက်နေ့မှ မတ်လ ၃၁ရက်နေ့ထိ**
**လူ့အခွင့်အရေးချိုးဖောက်ခံရမှုအမျိုးအစားအလိုက် အရေအတွက်များ**



## ၃.၁။ အဖြစ်အများဆုံး လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစားများ နှင့် ချိုးဖောက်ခံရသူအမျိုးအစားများ

မှတ်တမ်းတင်သည့် (၃) လတာ ကာလအတွင်း စစ်တပ်သည် နေအိမ်နှင့် အရပ်သားပြည်သူများပိုင်ဆိုင်မှုပစ္စည်းများကို မီးရှို့ခြင်း၊အရပ်သားပြည်သူများအပေါ် ပစ်မှတ်ထား၍လေကြောင်းလက်နက်ကြီးဖြင့်တိုက်ခိုက်မှုများ ပိုမိုကျူးလွန်လာသည်ကို တွေ့ရှိရပြီး ၂၀၂၄ခုနှစ်၊ ပထမ ၃ လပတ်တွင် နည်းလမ်းအမျိုးမျိုးဖြင့် ပြည်သူပိုင်ပစ္စည်းများကိုဖျက်ဆီးခြင်း၊ပျက်စီးစေခြင်းဖြစ်စဉ် (၃၉၆) ခု မှတ်တမ်းတင်နိုင်ခဲ့ပြီး ကျူးလွန်မှုအများဆုံးဖြစ်သည်။ စစ်ပွဲသုံးလက်နက်များ အသုံးပြု ပစ်ခတ်ခြင်းဖြင့်သော်လည်းကောင်း၊ကျေးရွာများကိုစစ်ကြောင်းထိုးဝင်ရောက်စီးနင်း၍ အရပ်သားပြည်သူများအား နှိပ်စက်ညှင်းပမ်းခြင်းဖြင့်သော်လည်းကောင်း သတ်ဖြတ်ခြင်းဖြစ်စဉ် (၃၆၇) ခု ရှိခဲ့ပြီး တတိယသုံးလပတ်တွင် ကျူးလွန်မှု ဒုတိယအများဆုံးဖြစ်ခဲ့သည်။ ပြည်သူများကို အကြောက်တရားဖြင့် နေထိုင်ရအောင် အကြမ်းဖက်ရာ၌ စစ်တပ်၏ အသုံးအများဆုံးနည်းလမ်းမှာ လက်နက်ကြီးနှင့်ပစ်ခတ်ခြင်းပင် ဖြစ်သည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ မတ်လ ၃၁ ရက်နေ့ အထိ ပထမ ၃ လပတ် ကာလအတွင်း လက်နက်ကြီးဖြင့်တိုက်ခိုက်သော ဖြစ်စဥ် (၂၇၃) ခုကို မှတ်တမ်းတင်နိုင်ခဲ့သည်။ ထိုဖြစ်စဥ်များ အားလုံးသည် အရပ်သားပြည်သူများ နေထိုင်ရာ ပတ်ဝန်းကျင်များအား ပစ်မှတ်ထား တိုက်ခိုက်ခြင်း ဖြစ်သည်။ စစ်ပွဲသုံးလက်နက်များ အသုံးပြုပစ်ခတ်ခြင်းဖြင့်သော်လည်းကောင်း၊ ကျေးရွာများကို စစ်ကြောင်းထိုးဝင်ရောက်စီးနင်း၍ အရပ်သားပြည်သူများအားနှိပ်စက်ညှင်းပန်းခြင်းဖြင့်သော်လည်းကောင်း ထိခိုက်ဒဏ်ရာရရှိမှု (၂၆၇) ခုမှာ တတိယများဆုံးဖြစ်ပြီး ဥပဒေမဲ့ဖမ်းဆီးခြင်း ဖြစ်စဥ် (၁၉၁) ခု ထိ ရှိသည်ကိုတွေ့ရှိရသည်။ (ပုံ ၃)

ပုံ ၄ - ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ၁ရက်နေ့မှ မတ်လ ၃၁ရက်နေ့ထိ ကျား/မအလိုက်လူ့အခွင့်အရေးချိုးဖောက်ခံရသူအရေအတွက်




၂၀၂၄ခုနှစ်၊ ပထမ ၃ လပတ်အတွင်း လူ့ခွင့်အရေးချိုးဖောက်ခံရသူ အရေအတွက်များကိုလည်း လေ့လာရာတွင် ဂျန်ဒါအလိုက်မှတ်တမ်းတင်ရရှိမှုအရ ကျူးလွန်ခံရသူစုစုပေါင်း၏ ၅၂% မှာ အမျိုးသားများဖြစ်ပြီး ၂၅% မှာ အမျိုးသမီးများ ဖြစ်သည်။ ၁၆% မှာ ကလေးသူငယ်များဖြစ်ပြီး မည်သူမည်ဝါ တိတိကျကျ မသိရသူ အရေအတွက်မှာ ၇% ဖြစ်သည်ကို တွေ့ရှိရသည်။ (ပုံ ၄)

အသက်အုပ်စုအရ ချိုးဖောက်ခံရမှုများကို လေ့လာကြည့်ရာတွင် သက်ကြီးရွယ်အိုများအား အကြမ်းဖက်မှုမှာ ၅% ရှိပြီး အများစုမှာ ကျေးရွာများအား ဝင်ရောက်စီးနင်းစဉ် ထွက်မပြေးနိုင်သူများကို ဖမ်းဆီးသတ်ဖြတ်ခြင်းနှင့်

Email: contact@newmyanmarfoundation.org
Website: https://newmyanmarfoundation.org

နေအိမ်များနှင့်အတူ မီးရှို့သတ်ဖြတ်ခံရခြင်းများ ပါဝင်သည်။အသက် ၁၈ နှစ် အောက် ကလေးသူငယ်များ အကြမ်းဖက်ခံရမှု အရေအတွက်မှာ ၁၄% ရှိသည်ကို တွေ့ရှိရပြီး လေကြောင်း၊ လက်နက်ကြီးများ အပါအဝင် စစ်ပွဲသုံး လက်နက်များဖြင့် လူနေရပ်ရွာများကို တိုက်ခိုက်ခြင်းကြောင့် ထိခိုက သေဆုံးမှုများပါဝင်သည်။ (ပုံ ၅)

ပုံ ၅ - ၂၀၂၄ခုနှစ်၊ဇန်နဝါရီလ ၁ ရက်နေ့မှမတ်လ ၃၁ရက်နေ့ထိ အသက်အုပ်စုလိုက်ချိုးဖောက်ခံရသူအရေအတွက်




ပုံ ၆ - ၂၀၂၄ခုနှစ်၊ဇန်နဝါရီလ၁ ရက်နေ့မှ မတ်လ ၃၁ရက်နေ့ထိ လူ့အခွင့်အရေးချိုးဖောက်ခံရသူအမျိုးအစားအလိုက်အရေအတွက်များ




၂၀၂၄ခုနှစ် ပထမ ၃ လပတ်အတွင်း စစ်တပ်နှင့်၎င်း၏လက်အောက်ခံများ၊စစ်တပ်ဆန့်ကျင်အဖွဲ့များနှင့်အမည်မသိလက်နက်ကိုင်အဖွဲ့များ၏ကျူးလွန်မှုကြောင့် လူ့အခွင့်အရေးချိုးဖောက်ခံရသူအမျိုးအစားများအလိုက် ကောက်ယူရရှိခဲ့သည့် မှတ်တမ်းများအရ အများဆုံးမှာအရပ်သားပြည်သူများဖြစ်ပြီး ချိုးဖောက်ခံရသူစုစုပေါင်း၏ ၇၇% (၁၁၂၅) ဖြစ်သည်။ ၁၂% (၁၆၇) ဦးမှာ ၁၈နှစ်အောက် ကလေးသူငယ်များဖြစ်ပြီး ကျောင်းသားများလည်း ပါဝင်သည် ။ ၃% မှာ Non CDM ဝန်ထမ်းများဖြစ်ပြီး ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်များအပေါ် ချိုးဖောက်ခံရမှုမှာ ၂% ရှိသည်ကို တွေ့ရှိရပါသည်။ (ပုံ ၆)

မှတ်ချက်။ ဤအရေအတွက်များသည် အတည်ပြုရရှိသော အရေအတွက်များသာဖြစ်ပြီး အရေအတွက်တိတိကျကျမသိရသောဖြစ်စဉ်များ၊ ကျူးလွန်ခံရသူအမျိုးအစား တိတိကျကျမသိရသောဖြစ်စဉ်များမှ အရေအတွက်များလည်း ကျန်ခဲ့နိုင်သဖြင့် မြေပြင်အခြေအနေနှင့် ကွဲလွဲမှုများရှိနိုင်ပါသည်။

## ၃.၂။ ချိုးဖောက်မှု အမျိုးမျိုးအနက် သတိပြုစရာဖြစ်သည့် ပြောင်းလဲမှု ပုံစံများ

အရေအတွက်အားဖြင့် အများဆုံး မဖြစ်သော်လည်း ၃ လ အတွင်း ဖြစ်ပွားမှုနှုန်းအရ ထူးခြားသော ပြောင်းလဲမှုများရှိသည့် ချိုးဖောက်မှုအမျိုးအစား ၄ ခုကို ပုံ-၇ တွင် ဖော်ပြထားပါသည်။ ဥပမာအားဖြင့် အဓမ္မခိုင်းစေခြင်းဖြစ်စဉ် အရေအတွက်မှာ ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလထက် မတ်လတွင် (၁၇) ခု ထိတိုးလာသည်ကို တွေ့ရှိရပြီး စစ်မှုထမ်းဥပဒေ၏ နောက်ဆက်တွဲ ချိုးဖောက်မှုတစ်ခုအဖြစ် အတင်းအကြပ် စစ်မှုထမ်းရန် လူအမြောက်အများဖမ်းဆီးမှုဖြစ်စဉ်များ ဖြစ်သည်။ ထို့အတူ စစ်တပ်၏ အရပ်သားများနေထိုင်ရာနေရာများကို ဦးတည်တိုက်ခိုက်မှုများသည်လည်း တစ်လထက်တစ်လပိုမိုများပြားလာပြီး ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာ အဆောက်အဦများကို တိုက်ခိုက်ခံရမှုမှာ မတ်လတွင် (၁၀) ကြိမ်ထိ မှတ်တမ်းတင်ရရှိခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့အပြင် ယခင်လများတွင် မှတ်တမ်းတင်နိုင်ခဲ့သော အရေအတွက်များအား နှိုင်းယှဉ်ပါက ဆက်သွယ်ရေးနှင့် စားနပ်ရိက္ခာ ဖြတ်တောက်ခြင်းမှာလည်း မတ်လတွင် (၁၃) ခုထိတိုးလာရာ စစ်တပ်သည် လမ်းများကို ဖျက်ဆီးပစ်ခြင်း၊ စစ်ဘေးနှင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့ခံစားနေရသော ပြည်သူများထံ လူသားချင်းစာနာမှုအကူအညီများ မရောက်ရှိအောင် ပိတ်ပင်ခြင်းနှင့် မရှိမဖြစ် လိုအပ်သော ရိက္ခာပစ္စည်းများ ဝယ်ယူသယ်ဆောင်ခွင့် မရအောင် တားဆီးခြင်းစသည့် နည်းလမ်းများဖြင့် လမ်းပန်းဆက်သွယ်ရေးနှင့် ရိက္ခာဖြတ်တောက်မှုများ ပိုမိုကျူးလွန် ပြုလုပ်လာကြောင်းကိုလည်း မှတ်တမ်းတင်သိရှိရသည်။ စစ်တပ်၏ လက်နက်ကိုင်အကြမ်းဖက်မှုများကိုသာမက သဘာဝဘေးအန္တရာယ်များကြောင့် စားနပ်ရိက္ခာအခက်အခဲများ ရင်ဆိုင်နေရသည့်နေရာဒေသများသို့ပင် မရှိမဖြစ်လိုအပ်သောရိက္ခာပစ္စည်းများ၊ အရေးပေါ်ဆေးဝါးများကို ဝယ်ယူသယ်ဆောင်ခွင့်

ပုံ ၇ - သတိပြုစရာ ဖြစ်သော လူ့အခွင့်အရေးချိုးဖောက်မှု အရေအတွက် ပြောင်းလဲပုံများ



မရအောင် တားဆီးပိတ်ပင်မှုများကြောင့် စားဝတ်နေရေးခက်ခဲကြပ်တည်းသည့်အပြင် လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ လည်းမရရှိနိုင်ပဲ ပိုမိုဆိုးရွားသည့် အခြေအနေများကို ရင်ဆိုင်ကြုံတွေ့နေရသည်ကို တွေ့ရှိရပါသည်။

ပထမ၃လပတ်တွင် စစ်တပ်သည် လေကြောင်း၊လက်နက်ကြီးစသည့် စစ်ပွဲသုံးပစ္စည်းများဖြင့်အင်အားသုံးတိုက်ခိုက်မှု၊ ၎င်းတို့စစ်ကြောင်းထိုးရာ လမ်းကြောင်းမှ ကျေးရွာများအတွင်း ဝင်ရောက်စီးနင်းပြီး အရပ်သားပြည်သူများကို ဖမ်းဆီးသတ်ဖြတ်မှုများကို ဆက်လက်ကျူးလွန်နေဆဲဖြစ်ကာ လစဉ်အရေအတွက်မှာ ပိုမိုတိုးလာလျက်ရှိပြီး ဖေဖော်ဝါရီလတွင် (၁၀၇) ခုသာ ကောက်ယူရရှိခဲ့ရာမှ မတ်လတွင်(၁၄၉)ခုထိ ကျူးလွန်ခဲ့သည်ကို တွေ့ရှိရသည်။ (ပုံ ၇)

## ၃.၃။ အရပ်သားပြည်သူများအပေါ် စစ်လက်နက်များ အသုံးပြုခြင်း

စစ်တပ်သည် ပြည်သူများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ရန်အတွက် ရည်ရွယ်ချက်ရှိရှိဖြင့် စစ်လက်နက်ပစ္စည်းများကို အလွန်အကျွံ အသုံးပြု လျက်ရှိရာ လေကြောင်းတိုက်ခိုက်မှုများကိုလည်း နည်းလမ်းတစ်ခုအနေဖြင့် ဆက်လက်အသုံးပြုနေဆဲ ဖြစ်သည်။ ထိုသို့သော တိုက်ခိုက်မှုများတွင် လေကြောင်းမှ ဂျက်ဖိုက်တာများ၊ ရဟတ်ယာဉ်များ၊ ဒရုန်းများ အသုံးပြု၍ ဗုံးကြဲခြင်း၊ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်း၊ စက်သေနတ်ဖြင့် ပစ်ခတ်ခြင်းတို့အပါအဝင် ရေကြောင်းမှ လက်နက်ကြီးဖြင့် တိုက်ခိုက်ခြင်း၊ ကျေးရွာများကို စစ်ကြောင်းထိုးစဉ် လက်နက်ကြီးများ၊လက်နက်ငယ်များဖြင့် ပစ်ခတ်၍တိုက်ခိုက်ခြင်း၊ မိုင်းထောင်ခြင်းများလည်း ပါဝင်သည်။ ထိုသို့သော ရက်စက်သော တိုက်ခိုက်မှုများသည် လက်နက်ကိုင်တိုက်ပွဲများ မရှိသည့် အခြေအနေများတွင်ပင် အရပ်သားပြည်သူများအပေါ် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား တိုက်ခိုက်မှုများ ဖြစ်သည်ကိုလည်း တွေ့ရှိရသည်။ ၃ လအတွင်း အရပ်သား ပြည်သူများအား ပစ်မှတ်ထား၍ လေကြောင်းတိုက်ခိုက်မှု ဖြစ်စဉ် စုစုပေါင်း (၂၇၄) ခုကို မှတ်တမ်းတင်ရရှိခဲ့ပြီး ဇန်နဝါရီလတွင် အများဆုံး ဖြစ်သည်။ ၃ လအတွင်း အကြိမ်အရေအတွက် ဒုတိယအများဆုံး ဖြစ်ပွားခဲ့သည့် စစ်လက်နက်သုံးတိုက်ခိုက်မှုမှာ လက်နက်ကြီးပစ်ခတ်တိုက်ခိုက်ခြင်း ဖြစ်ပြီး ဖြစ်စဉ် (၁၇၂) ခု မှတ်တမ်းတင်ရရှိခဲ့သည်။ မှတ်တမ်းများအရ လေကြောင်းတိုက်ခိုက်မှုအရေအတွက်မှာ ဖေဖော်ဝါရီလနှင့် မတ်လတွင် လျော့နည်းသွား

ပုံ ၈ - ၂၀၂၄ခုနှစ်၊ဇန်နဝါရီလ ၁ ရက်နေ့မှမတ်လ ၃၁ရက်နေ့ထိ နိုင်ငံတစ်ဝှမ်း အရပ်သားများအပေါ် စစ်လက်နက် အသုံးပြုတိုက်ခိုက်မှု ဖြစ်စဉ် အရေအတွက်



သော်လည်း လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ် အရေအတွက်မှာမူ တစ်လထက်တစ်လ ပိုမိုမြင့်တက်လာသည်ကို တွေ့ရှိရသည်။ ထို့ပြင် ဒရုန်းဖြင့် ဗုံးကြဲခြင်းဖြစ်စဉ်များမှာလည်း လစဉ်ပိုမိုတိုးလာသည်ကို တွေ့ရှိရသည်။ (ပုံ ၈)

၂၀၂၄ခုနှစ်၊ ပထမ ၃လပတ် ကာလအတွင်း စစ်တပ်၏ စစ်လက်နက်သုံးတိုက်ခိုက်မှုကြောင့် အရပ်သားသေဆုံးမှုများအနက် ၆၇ ရာခိုင်နှုန်း (၃၇၀) ဦး သည် လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဖြစ်ပြီး ထိခိုက်ဒဏ်ရာရရှိသူ စုစုပေါင်း၏ ၅၅ရာခိုင်နှုန်း (၄၆၅) ဦး သည်လည်း လက်နက်ကြီး လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုများကြောင့်ပင် ဖြစ်သည်။ (ပုံ ၉ ၊ ပုံ ၁၀)

ပုံ ၉ - ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၁ရက်နေ့ထိ စစ်လက်နက် အသုံးပြုတိုက်ခိုက်မှုများကြောင့် သေဆုံးသော အရပ်သားဦးရေ




ပုံ ၁၀ - ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၁ရက်နေ့ထိ စစ်လက်နက် အသုံးပြုတိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရသော အရပ်သားဦးရေ



ဒေသအလိုက်လေ့လာကြည့်ပါက လက်နက်ကြီးလက်နက်ငယ်များဖြင့်ပစ်ခတ်တိုက်ခိုက်မှုဖြစ်စဥ် အရေအတွက် အများဆုံး ဒေသများမှာ စစ်ကိုင်းတိုင်းဒေသကြီး ၁၉ % ရခိုင်ပြည်နယ် ၁၈ % နှင့် ပဲခူးတိုင်းဒေသကြီး ၁၃ % တို့ ဖြစ်ကြသည်။ (ပုံ ၁၁)

ပုံ ၁၁ - ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၁ရက်နေ့ထိပြည်နယ်/တိုင်းအလိုက် လက်နက်ကြီးလက်နက်ငယ်များဖြင့်ပစ်ခတ်တိုက်ခိုက်မှု ဖြစ်စဥ်များ



## ၃.၄။ စစ်တပ်၏ မတရား ဖမ်းဆီးချုပ်နှောင်မှု ပုံစံ အမျိုးမျိုး

ဇန်နဝါရီလ ၁ရက်နေ့ မှ မတ်လ ၃၁ ရက်နေ့အထိ စစ်တပ်နှင့် စစ်တပ်ဆန့်ကျင်အဖွဲ့အစည်းများ၏ အရပ်သားပြည်သူများအား ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ခြင်း ဖြစ်စဉ် စုစုပေါင်း (၁၉၁) ခု ကို မှတ်တမ်းတင်ရရှိခဲ့ပြီး အဓမ္မစစ်မှုထမ်းစေခိုင်းမှုဖြစ်စဉ် (၅၀) ခု၊ လူသားဒိုင်း/ဓားစာခံ ဖမ်းဆီးခြင်း ဖြစ်စဉ် (၃၂) ခု နှင့် အဓမ္မ ခိုင်းစေမှု (၃၇) ခု တို့ကိုလည်း ကောက်ယူ ရရှိခဲ့သည်။ ဤချိုးဖောက်မှုများသည် မှတ်တမ်းတင်ကာလအတွင်း ဖြစ်စဉ် အရေအတွက် ပိုမိုများပြားလာကြောင်း တွေ့ရှိရသည်။ ဥပမာအားဖြင့် ဥပဒေမဲ့ဖမ်းဆီးခြင်းဖြစ်စဉ်တွင် ကောက်ယူရရှိသည့် မှတ်တမ်းများအရ နှိုင်းယှဉ်ကြည့်ပါက စစ်မှုထမ်းဥပဒေကြေငြာသည့် ဖေဖော်ဝါရီလတွင် အများဆုံးကျူးလွန်ခဲ့ပြီး ဖြစ်စဉ်(၉၀)ခုထိ ရှိသည်ကို တွေ့ရှိရသည်။ ကျူးလွန်မှုများအနက် စစ်တပ်၏ကျူးလွန်မှုမှာ ဖြစ်စဉ် စုစုပေါင်း၏ (95)% တွေ့ရှိရသဖြင့် စစ်တပ်သည် အာဏာသိမ်းထားသည့်ကာလ တစ်လျှောက် လုံး အပြစ်မဲ့ပြည်သူများကို ဥပဒေမဲ့ဖမ်းဆီးခြင်းဖြင့် အကြောက်တရား ရိုက်သွင်းကာ ဖိနှိပ်အုပ်ချုပ်ရန် ကြိုးစားခဲ့သည်ကို တွေ့ရှိရသည်။ ပုံ (၁၂)



ပုံ ၁၂ - ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ မှတ်တမ်းတင်ရရှိခဲ့သော ဖမ်းဆီးချုပ်နှောင်မှု အမျိုးမျိုး၏ ဖြစ်စဉ်အရေအတွက် ပြောင်းလဲပုံများ

အထူးသဖြင့် ဖမ်းဆီးချုပ်နှောင်မှု ဖြစ်စဉ်အားလုံး၏ အနည်းဆုံး (၁၀) ရာခိုင်နှုန်းသည် ညှဉ်းပန်း နှိပ်စက်ခြင်းနှင့် ကိုယ်ထိလက်ရောက် ရိုက်နှက်ခြင်းတို့ ရှိခဲ့ကြောင်း တွေ့ရသည်။ (ပုံ ၁၃) ထို့ပြင် ဖမ်းဆီးချုပ်နှောင်မှုဖြစ်စဉ် စုစုပေါင်း၏ (၁၁)ရာခိုင်နှုန်းခန့်သည် စစ်တပ်သည် ချုပ်နှောင်ခံရသူများကို လက်နက်ကိုင် တိုက်ပွဲ ဖြစ်ပွားရာနေရာတွင် လူသားဒိုင်းအဖြစ် အသုံးပြုခြင်း သို့မဟုတ် ဓားစာခံအဖြစ် ဖမ်းဆီးထားခြင်းတို့ကို ကျူးလွန်ခဲ့သည်။ (ပုံ ၁၃) စစ်တပ်သည် အများအားဖြင့် အမျိုးသားများကို လူသားဒိုင်းအဖြစ် ဖမ်းဆီးလေ့ရှိသော်လည်း ယခုနောက်ပိုင်း အချို့ဖြစ်စဉ်များတွင် အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများကို လည်း လူသားဒိုင်းအဖြစ် ဖမ်းဆီးလာသည်ကို တွေ့ရသည်။ ၂၀၂၄ခုနှစ်၊ ပထမ၃လပတ်ကာလတွင် ဖမ်းဆီးခြင်းနှင့် ရိုက်နှက်နှိပ်စက်ခံရသည့်အရေအတွက်(၂၅၀၉) ဦး၊ အဓမ္မခိုင်းစေရန်ဖမ်းဆီးခံရသူ(၂၆၁)ဦးနှင့်လူသားဒိုင်းအဖြစ် အသုံးပြုခံရသူ (၃၁၂)ဦးရှိခဲ့သည်။ပုံ(၁၄)

ပုံ ၁၃ - ၂၀၂၄ခုနှစ် ဇန်နဝါရီလ မှ မတ်လ အထိ ဖမ်းဆီးချုပ်နှောင်မှုပုံစံအမျိုးမျိုး၏ ဖြစ်စဉ်အရေအတွက်




ပုံ ၁၄ - ၂၀၂၄ခုနှစ် ဇန်နဝါရီလ မှ မတ်လအထိ ဖမ်းဆီး ချုပ်နှောင်မှု အမျိုးအစားများအတွက် ချိုးဖောက်ခံရသူဦးရေ




ထို့အပြင် အဓမ္မအလုပ်ခိုင်းစေသော ဖြစ်စဉ်များသည်လည်း တစ်လထက်တစ်လ ပိုမိုများပြားလာသည်။ ထိုဖြစ်စဉ်များတွင် ကျူးလွန်သူများသည် စစ်တပ်သာမက ၎င်းတို့၏ အပေါင်းအပါများဖြစ်သည့် ပျူစောထီးကဲ့သို့သော စစ်တပ်မှ ထောက်ပံ့ပေးထားသည့် အမျိုးသားရေး အစွန်းရောက် လက်နက်ကိုင်များလည်း ပါဝင်ကြောင်း တွေ့ရသည်။

ဤတွေ့ရှိချက်များသည်လည်း မြန်မာစစ်တပ်က အရပ်သားများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများကို ပေါ်ပေါ်ထင်ထင် ဆက်လက်ကျူးလွန်နေကြောင်းကို ရှင်းလင်းစွာ ဖော်ပြနေသော သာဓကများ ဖြစ်ပြီး မြန်မာပြည်သူများ၏ နေ့စဉ်ဘဝတွင် လုံခြုံမှု ကင်းမဲ့နေကြောင်းကို မီးမောင်းထိုးပြနေပါသည်။

## ၄။ နိဂုံး

ယခု အစီရင်ခံစာပါ တွေ့ရှိချက်များအရ စစ်တပ်သည် နိုင်ငံတကာ ဥပဒေများကို ဂရုပြုခြင်း အလျဉ်းမရှိဘဲ ပြည်သူများအပေါ် ရက်စက်ကြမ်းကြုတ်သော အကြမ်းဖက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက် ကျူးလွန်လျက် ရှိကြောင်း ဖော်ပြနေပါသည်။ စစ်တပ်သည် ပြည်သူများအား အကြောက်တရား လွှမ်းမိုးစေရန်နှင့် ဖိနှိပ်အုပ်ချုပ်နိုင်ရန် အလို့ငှါ အစုလိုက်အပြုံလိုက် သတ်ဖြတ်သည့် နည်းလမ်းများ၊ ဓားစာခံဖမ်းခြင်းများ၊လက်တုံ့ပြန်သည့်သဘောဖြင့် လုပ်ကြံသတ်ဖြတ်ခြင်းများနှင့် ထောင်တွင်း အကြမ်းဖက်ဖိနှိပ်မှုများကို ပုံမှန်လုပ်ထုံးလုပ်နည်းတစ်ခုသဖွယ် ပြုလုပ်ခြင်းစသည့်နည်းစနစ်များကို ပိုမိုတိုးမြှင့် လုပ်ဆောင်နေဆဲ ဖြစ်သည်။ ထို့အပြင် စစ်မှုထမ်းဥပဒေကိုအကြောင်းပြု၍ တပ်သားသစ်စုဆောင်းရန်နှင့် အဓမ္မစစ်မှုထမ်းခိုင်းစေရန် နိုင်ငံအနှံ့အပြားတွင် လူအမြောက်အမြားဖမ်းဆီး ခေါ်ဆောင်ခြင်းများကိုလည်း တရားဝင်သဖွယ်ပြုမူလျက်ရှိသည်။ စစ်တပ်သည် ပဋိပက္ခဖြစ်ပွါးရာဒေသများတွင် ၎င်းတို့ကို ဆန့်ကျင်သူများ အပေါ် ၎င်းတို့၏ လွှမ်းမိုးဖိနှိပ်နိုင်မှုကို ဖော်ပြသည့် နည်းလမ်းတစ်ခုအနေနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို အသုံးပြုလျက်ရှိသည်။ထို့အပြင်စစ်တပ်မှကျောထောက်နောက်ခံပေးထားသော အရပ်ဝတ် လက်နက်ကိုင်များ၊ ပြည်သူ့စစ်များကိုလည်း ထိုသို့သော အကြမ်းဖက်မှုများကျူးလွန်ရန် စစ်တပ်က အားပေးအားမြှောက်ပြုထား သည်။ ထိုမျှသာမက ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သော ပြည်သူများကို အကြမ်းဖက် ဖမ်းဆီးခြင်း၊ အလုပ်သမား အခွင့်အရေး အတွက် စည်းရုံးလှုံ့ဆော်သော အလုပ်သမားများကို ဆက်တိုက်ဖမ်းဆီးမှုများ ပြုလုပ်ခြင်းဖြင့် ပြည်သူများ၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် နည်းလမ်း မှန်သမျှကိုလည်း ပိတ်ပင်ထားသည်။

ထို့အတူ စစ်တပ်ဆန့်ကျင်အဖွဲ့အစည်းများမှလည်း စစ်တပ်၏ဒေါက်တိုင်များကို ရှင်းလင်းခြင်း အပါအဝင် အရပ်သားပြည်သူများအပေါ် ထိခိုက်ဒဏ်ရာရစေခြင်း၊ သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်းစသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်လာသည်ကို လေ့လာတွေ့ရှိရပြီး စစ်တပ်နှင့်၎င်းတို့၏ အပေါင်းပါ များ ကျူးလွန်မှုနှင့်နှိုင်းယှဉ်ပါက အလွန်နည်းပါးသည့်ပမာဏဖြစ်ကြောင်း မှတ်တမ်းများ အရ သိရသည်။

စစ်တပ်အပါအဝင် လူ့အခွင့်အရေးချိုးဖောက်နေသူများ ပြစ်ဒဏ်ကင်းလွတ်ခွင့် ရရှိနေခြင်းကို အမြစ်ဖြတ်ရပ်တန့်ရန်ရည်ရွယ်ပြီး နယူးမြန်မာဖောင်ဒေးရှင်း၏ လူ့အခွင့်အရေးအစီအစဉ်အနေနှင့် နိုင်ငံ တစ်ဝှမ်း လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျယ်ပြန့်စွာ မှတ်တမ်းတင်ထားရှိခြင်း၊ ထိထိရောက်ရောက် အပြစ်ပေး အရေးယူနိုင်ရန်အတွက် မိတ်ဖက်အဖွဲ့အစည်း အမြောက်အများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းများကို ကြိုးစားလုပ်ဆောင်နေပါသည်။ စစ်တပ်အပါအဝင် လူ့အခွင့်အရေးချိုးဖောက်သူများ၏ ကျူးလွန်မှုများအတွက် ၎င်းတို့အားတာဝန်ခံစေရန်ဆောင်ရွက်နေသောယန္တရားများတွင်အထောက်အကူပြုနိုင်ရန်အတွက်လူ့အခွင့်အ ရေး မှတ်တမ်းဌာန အနေနှင့် အချက်အလက်များ စုဆောင်းခြင်း၊ လေ့လာသုံးသပ်ခြင်း၊ အစီရင်ခံစာများ ပုံမှန် ထုတ်ပြန်ခြင်းတို့ကို လုပ်ဆောင် နေပါသည်။ ၎င်းတို့၏ လက်နက်အားကိုး ကျူးလွန်နေသော ရာဇဝတ်မှုများကို တားဆီးပြီး တရားမျှတမှုရရှိအောင် စုပေါင်းကြိုးစားခြင်းကသာလျှင် မြန်မာပြည်သူများအတွက် လုံခြုံငြိမ်းချမ်း ပြီး လူ့အခွင့်အရေးပြည့်ဝသော လူနေမှုဘဝများကို ဖန်တီးပေးနိုင်လိမ့်မည် ဖြစ်ပါသောကြောင့် ထိုအန္တိမ ပန်းတိုင်သို့ ရောက်ရှိအောင် အတူတကွ ကြိုးစားဆောင်ရွက်ကြပါရန် ပြည်တွင်းပြည်ပ အင်အားစုများ အားလုံးထံသို့ ဤ အစီရင်ခံစာကို တင်ပြရင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**လူ့အခွင့်အရေးမှတ်တမ်းဌာန**

**လူ့အခွင့်အရေးအစီအစဉ်**

**နယူးမြန်မာဖောင်ဒေးရှင်း**

## မိတ်ဖက်အဖွဲ့အစည်းများ

- Magway Human Rights Network (MHRN)
- Pyi Taw Win (ပြည်တော်ဝင်)
- Women Lead Resource Center (WLRC Women)
- Youths for Community (YFC-Myaung)
- အမည်မဖော်ပြလိုသော မိတ်ဖက်အဖွဲ့အစည်း တစ်ခု

## ကိုးကားချက်များ

- DVB
- Myanmar Now
- Mizzima
- BBC
- VOA
- Khit Thit Media
- RFA
- Zalen
- Kho Phyu
- Shan News Agency
- Kachin News
- Thanlwin Khet
- Myaelatt Athan
- Karen Information Center
- Burma-Associated Press (BAP)
- Tachileik News Agency
- Border News Agency
- Mekong News
- Kantarawaddy Times
- Tanintharyi Times
- Ayeyarwaddy Times
- Burma Human Rights Network (BHRN)

### ဇယား ၁ - ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ စစ်တပ်၏ ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှု အရေအတွက် စုစုပေါင်း

| ပြည်သူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ | ကချင် | ကယား | ကရင် | ချင်း | စစ်ကိုင်း | တနင်္သာရီ | နေပြည်တော် | ပဲခူး | မကွေး | မန္တလေး | မွန် | ရခိုင် | ရန်ကုန် | ရှမ်း | ဧရာဝတီ | စုစုပေါင်း ချိုးဖောက်မှု အကြိမ်ရေ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| သတ်ဖြတ်ခြင်း | ၂၅ | ၅ | ၈ | ၁၁ | ၉၆ | ၇ | ၀ | ၄၈ | ၃၇ | ၄၂ | ၈ | ၂ | ၅၁ | ၂၄ | ၂ | ၃၆၆ |
| ထိခိုက်ဒဏ်ရာရခြင်း | ၁၉ | ၅ | ၁၀ | ၁၄ | ၄၇ | ၁၀ | ၀ | ၃၆ | ၁၅ | ၂၁ | ၆ | ၂ | ၅၉ | ၂၂ | ၁ | ၂၆၇ |
| ညဥ်းပန်းနှိပ်စက်ခြင်းနှင့် အခြားလူမဆန်စွာပြုမူဆက်ဆံခြင်း | ၀ | ၀ | ၀ | ၀ | ၈ | ၁ | ၀ | ၂ | ၂ | ၁၀ | ၁ | ၁ | ၂ | ၀ | ၂ | ၂၉ |
| မတရားဖမ်းဆီးခြင်း (သို့မဟုတ် ) ဥပဒေမဲ့ဖမ်းဆီးခြင်း | ၁၇ | ၁ | ၀ | ၇ | ၃၀ | ၉ | ၄ | ၁၂ | ၇ | ၄၂ | ၅ | ၂၇ | ၁၈ | ၁ | ၁၁ | ၁၉၁ |
| သေဒဏ်ပေးခြင်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ |
| အဓမ္မခိုင်းစေခြင်း | ၂ | ၀ | ၃ | ၀ | ၄ | ၁ | ၂ | ၈ | ၁ | ၁ | ၁ | ၉ | ၀ | ၀ | ၅ | ၃၇ |
| လူသားဒိုင်းလုပ်ခြင်း/ဓားစာခံအဖြစ် ခေါ်ဆောင်သွားခြင်း | ၆ | ၁ | ၁ | ၀ | ၉ | ၂ | ၀ | ၂ | ၀ | ၅ | ၀ | ၀ | ၅ | ၀ | ၁ | ၃၂ |
| သတင်းအစအနပျောက်ဆုံးစေခြင်း | ၁ | ၀ | ၀ | ၁ | ၀ | ၂ | ၁ | ၂ | ၁ | ၁ | ၁ | ၀ | ၂ | ၁ | ၀ | ၁၃ |
| ခြိမ်းခြောက်ခြင်း | ၂ | ၀ | ၃ | ၂ | ၇ | ၃ | ၀ | ၆ | ၁ | ၀ | ၀ | ၄ | ၂ | ၀ | ၁ | ၃၁ |
| နေရပ်ဒေသစွန့်ခွာရခြင်း | ၁၄ | ၃ | ၆ | ၄ | ၅၂ | ၁၀ | ၀ | ၆ | ၃ | ၇ | ၃ | ၀ | ၁၆ | ၁၀ | ၀ | ၁၃၄ |
| လွတ်လပ်စွာကိုးကွယ်ယုံကြည်မှုနှင့် ယဥ်ကျေးမှုဓလေ့များကို တားမြစ်ခြင်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၁ |
| ပြည်သူပိုင်ပစ္စည်းများအားမီးရှို့ဖျက်ဆီးခြင်း/အခြားနည်းလမ်းများဖြင့်ပျက်စီးစေခြင်း/မတရားသိမ်းယူခြင်း / | ၂၆ | ၅ | ၁၇ | ၈ | ၁၀၅ | ၁၁ | ၁ | ၃၇ | ၁၇ | ၆၂ | ၇ | ၉ | ၅၄ | ၃၀ | ၇ | ၃၉၆ |
| ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာအဆောက်အဦများအားတိုက်ခိုက်ခြင်း | | ၂ | ၂ | ၃ | ၂ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၄ | ၄ | ၁ | ၂၀ |
| ဘာသာရေးနှင့်သက်ဆိုင်သည့်အဆောက်အဦ၊နေရာများအားတိုက်ခိုက်ခြင်း | ၄ | ၂ | ၁ | ၂ | ၃ | ၁ | ၀ | ၂ | ၀ | ၁ | ၁ | ၀ | ၇ | ၈ | ၀ | ၃၂ |
| ဆက်သွယ်ရေးဖြတ်တောက်ထားခြင်း | ၁၆ | ၀ | ၀ | ၃ | ၀ | ၁ | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၆ | ၀ | ၂၈ |
| လွတ်လပ်စွာသွားလာခွင့်ကိုပိတ်ပင်ကန့်သတ်ခြင်း | ၆ | ၂ | ၀ | ၀ | ၀ | ၂ | ၀ | ၂ | ၀ | ၁ | ၀ | ၀ | ၁ | ၁ | ၀ | ၁၅ |
| လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၀ | ၀ | ၁ | | ၁ | ၄ |
| လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊စုဝေးခွင့်၊အသင်းအဖွဲ့ဖွဲ့စည်းခွင့်ကို ပိတ်ပင်ခြင်း | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၇ | ၀ | ၁ | ၀ | ၀ | ၀ | ၉ |
| လူသားခြင်းစာနာမှုအကူအညီများကိုပိတ်ပင်ခြင်း | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၁ | ၀ | ၁ | ၀ | ၅ |

Email: contact@newmyanmarfoundation.org
Website: https://newmyanmarfoundation.org

## ဇယား ၂ - ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိ စစ်တပ်၏ အကြမ်းဖက်မှုကြောင့် ထိခိုက်သေဆုံးခဲ့ရသူများနှင့် နစ်နာ ဆုံးရှုံးရသည့် ပမာဏများကို တိုင်းနှင့် ပြည်နယ်များအလိုက် စုစည်းဖော်ပြချက်

| ချိုးဖောက်မှုအမျိုးအစား | ကချင် | ကယား | ကရင် | ချင်း | စစ်ကိုင်း | တနင်္သာရီ | နေပြည်တော် | ပဲခူး | မကွေး | မန္တလေး | မွန် | ရခိုင် | ရန်ကုန် | ရှမ်း | ဧရာဝတီ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူအရေအတွက် | ၈ | ၁၀ | ၅ | ၁၆ | ၃၅ | ၀ | ၀ | ၁၈ | ၁ | ၀ | ၀ | ၀ | ၄၆ | ၂၀ | ၀ | ၁၅၉ |
| လေကြောင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရသူအရေအတွက် | ၁၀ | ၂၇ | ၈ | ၁၅ | ၈၀ | ၁ | ၀ | ၃၁ | ၅ | ၅ | ၀ | ၀ | ၁၀၆ | ၂၁ | ၀ | ၃၀၉ |
| မီးရှို့သတ်ဖြတ်ခံရသူ အရေအတွက် | ၀ | ၀ | ၀ | ၀ | ၁၁ | ၀ | ၀ | ၁ | ၉ | ၄ | ၀ | ၀ | ၀ | ၀ | ၀ | ၂၅ |
| လက်နက်ကြီး/လက်နက်ငယ်ဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ အရေအတွက် | ၆၀ | ၁၁ | ၃ | ၇ | ၇၁ | ၃ | ၀ | ၆၁ | ၃၇ | ၃၇ | ၁၀ | ၁ | ၇၃ | ၂၉ | ၁ | ၄၀၄ |
| လက်နက်ကြီး/လက်နက်ငယ်ဖြင့်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရသူအရေအတွက် | ၃၂ | ၇ | ၁၃ | ၁၂ | ၈၄ | ၁၅ | ၀ | ၈၃ | ၃၆ | ၄၂ | ၂၁ | ၂ | ၁၃၀ | ၁၄ | ၀ | ၄၉၁ |
| လိင်ပိုင်းဆိုင်ရာစော်ကားခြင်းခံရသူ အရေအတွက် | ၀ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၁ | ၀ | ၀ | ၀ | ၂ | 0 | ၀ | ၄ |
| ဖမ်းဆီးခြင်းခံရသူ အရေအတွက် | ၂၈၈ | ၂၀ | ၀ | ၂၅ | ၄၁၉ | ၇၃ | ၃၀ | ၂၃၂ | ၄၈ | ၂၄၁ | ၈၄ | ၂၃၀ | ၈၉၅ | ၀ | ၁၆၅ | ၂၇၇၀ |
| လူသားဒိုင်းပြုလုပ်ခြင်း/ ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံရသူ အရေအတွက် | ၂၃ | ၈ | ၁၅ | ၀ | ၅၆ | ၈ | ၀ | ၄၀ | ၀ | ၁၅၆ | ၀ | ၀ | ၂၂၀ | ၀ | ၁ | ၅၂၇ |
| နေရပ်စွန့်ခွာရသူ အရေအတွက် | ၂၁၀၀၀ | ၄၀၀ | ၁၂၀၀၀ | ၅၁၀၀၀ | ၃၈၉၃၀၀ | ၂၄၇၀၀ | ၀ | ၄၃၃၀၀ | ၄၅၀ | ၁၃၀၀၀ | ၃၃၈၂ | ၀ | ၁၂၈၀၀ | ၄၀၁၀၁ | ၀ | ၆၁၁၄၃၃ |
| ပြည်သူပိုင်ပစ္စည်းများအားလေကြောင်း၊လက်နက်ကြီးတို့ဖြင့် တိုက်ခိုက်မှု၊မီးရှို့မှုများကြောင့် ပျက်ဆီးခဲ့ရသည့် နေအိမ်နှင့်အဆောက်အဦ အရေအတွက် | ၄၉ | ၁၇၃ | ၂၇၅ | ၈၉ | ၃၀၁၆ | ၆၃၅ | ၀ | ၃၇၄ | ၇၇၃ | ၃၁၁၆ | ၃၄၄ | ၃၈၆ | ၄၂၂ | ၂၃၅ | ၅၂ | ၉၉၃၉ |

NEW MYANMAR FOUNDATION
Building A Strong Foundation For Our Society

Email: contact@newmyanmarfoundation.org
Website: https://newmyanmarfoundation.org

# Quarterly Report on Documentation of Human Rights Violations from January 1, 2024, to March 31, 2014

Date –25. April. 2024

## Content

1. Introduction ..... 2
2. Narratives Report of Documented HRVs and Atrocities ..... 3
2.1 Unlawful Detention ..... 3
(A) Arresting Religious Group Members and Vulnerable Group Members ..... 3
(B) Arrest of Activists and Civil Servants who Participated in the Civil Disobedience Movement ..... 4
2.2 Further Human Rights Violations on Recruiting New Soldiers Related to Forced Military Conscription and Conscription Law ..... 4
2.3 Extrajudicial Killing ..... 6
2.4 Torture and Other Inhuman Treatment ..... 7
2.5 Airstrikes and Other Attacks by Military Weapons ..... 8
(A)Airstrikes ..... 8
(B) Attacking Resident Homes with Heavy Weapons ..... 9
2.6 Violence against Vulnerable Groups and Political Prisoners ..... 10
(A) Killing and Injuring Children ..... 11
(B) Attacking the Elderly Persons ..... 11
(C) Sexual Violence ..... 12
(D) Abuses against Rohingya Minority ..... 13
(E) Violence against Political Prisoners ..... 14
2.8 Human Rights Violations by Anti-Military Armed Groups and Unknown Groups ..... 15
3. Summary of Statistical Findings ..... 17
3.1 The Most Prevalent Categories of HRVs ..... 19
3.2 Notable Patterns of Changes in Human Rights Violations ..... 22
3.3 Analyzing the Use of Military Weapons against Civilians ..... 23
3.4 Analyzing the Different Forms of Detainment Committed by the Military ..... 26
4. Conclusion ..... 28

Email: contact@newmyanmarfoundation.org
Website: https://newmyanmarfoundation.org

## 1. Introduction

Since the military staged a coup on February 1, 2021, human rights violations against Myanmar people have been getting worse daily. New Myanmar Foundation initiated the human rights program on February 2023 and the human rights documentation unit started documenting human rights cases on February 1, 2023. In this report, human rights violations against Myanmar people have been systematically documented between January 1, 2024, and March 31, 2024, based on states and regions and types of violations.

A total of 1081 human rights violation cases have been documented in this first quarterly in 2024. The most prevalent abuses are burning, destroying, damaging, and unlawfully confiscation of public properties and 387 cases have been documented. 9923 houses and buildings have been lost and 700,000 people have been displaced due to burning, destroying, damaging, and unlawfully confiscation of public properties. The second most prevalent violation is extrajudicial killing and over 366 cases have been documented. A total of 765 civilians and 82 children were killed unlawfully in various ways. The third most prevalent violation is injuries and a total of 267 cases have been documented. According to this first quarterly report in 2014, the most human rights violation cases are found in Sagaing, Rakhine, and Mandalay Regions. In addition, the arrest of young people is widespread throughout the country after forced conscription, and 191 cases of arrest have been documented.

Human rights violations documented in this report are collected through media outlets, sources from partners of the New Myanmar Foundation who provide information from the ground, and other independent data collectors. There may be cases that are not reported in media outlets and some cases that victims do not want to disclose to the public such as sexual violence, there will be some discrepancy with the information on the ground.

Please contact the following email address and Signal number for suggestions and more information on human rights violations.

New Myanmar Foundation – Human Rights Program

sto.dataeditor.nmf@gmail.com, hrd.dataeditor.nmf@gmail.com

Signal - +66618857207

+66618859662

## 2. Narratives Report of Documented HRVs and Atrocities

### 2.1 Unlawful Detention

One of the most common human rights violations has been the unlawful arrest and detention of civilians throughout the country. Military forces, police, and their sub-ordinated person or groups raid villages and neighborhoods and arbitrarily arrest civilians during their raids. Under the 'Anti-terrorism' campaign by the junta, people are oppressed, forcibly arrested, tortured, and unlawfully killed. Individuals or groups, and human rights activists are considered as terrorists and unlawfully arrested and killed widely. Those arrested are children, young people, elders, and CDM staff.

After the enforcement of the conscription law on February 10, forced arrests by the military have increased across the country. Young people are targeted for forced arrests not only from rural and urban but also from displaced areas. During this reporting period, 191 cases of forced arrest have been documented and most cases are found in Mandalay and Sagaing Regions. In addition, there are 7 cases of forced arrest of non-CDM members by the anti-junta groups documented. It is 3% of the total number of forced arrests.

#### (A) Arresting Religious Group Members and Vulnerable Group Members

The military has made many accusations against civilians and among arrests for various reasons, unlawful arrest includes religious figures who share criticism of the military junta on social media during the time of writing this report. Through the following cases can be seen that unlawful arrest without showing mercy to children, women, elderly persons, persons with disabilities, pregnant women, mentally disabled persons and other members of vulnerable groups has been increasingly committed.

1. On January 3, 2024, Ashin Rawada (layperson name Phoe La Pyae) from Raho Monastery, Maha Aung Myay Township was arrested after he shared a post on social media criticizing the military junta.
2. On January 3, 2024, the military troops enter the village of Myin Daung, Khin Oo Township, Sagaing Region suddenly without firing weapons. The military troops arrested over 30 local villagers including men, women, and children who were about to flee from the village and resettled in the village. On January 4, they entered Thae Su Village and arrested 20 villagers.
3. On February 1, 2024, the military troops entered Nan Pa Yote Village, Palaw Township in Tanintharyi Region temporarily set up base at the village monastery for two days and arrested 6 Buddhist monks as human shields.
4. On February 26, 2024, the military troops entered the village of Talin Kone (or) Lat Pan Thar, Ngan Zun Township, and arrested U Kay Mar Thiri and U Zin Shwe Mann.
5. On February 19, 2024, the military members detained around 600 passengers including elderly persons, children, and pregnant women who landed at Sittwe and Kyaukphyu Airports from Yangon. They released only some people who can show strong evidence of documents.

6. On February 27, 2024, the military forces came to arrest four people including a 12-year-old who was accused of supporting/providing financial support to NUG/PDF in the morning in Letpadan Township, Bago Region.
7. On March 10, 2024, 17 middle-aged men including a pastor from Robert Displaced camp who is in charge of the Development Department of the Bamaw Zone Nal Kachin Baptist Church, in Banmaw Township, Kachin State.

Such a case highlights that the military junta commits arbitrary arrest not only on civilians but also on religious groups who are peacefully carrying out their religious practice. Moreover, the military junta has no mercy to members of vulnerable groups such as children, women, and elderly persons and they forcibly arrest and detain any civilians.

### (B) Arrest of Activists and Civil Servants who Participated in the Civil Disobedience Movement

The military junta illegally arrested political activists and civil servants who participated in the civil disobedience movement from January 1, 2024, to March 31, 2024, can be seen in the following:

1. On February 28, 2024, the military regime arrested Daw Ni Mo Hlaing, aunt of Ma Su Ye Lin, who went to the eastern district court to meet Ma Su Ye Lin, who is the union chairperson of the east Yangon on her trial appointment.
2. On March 13 and 24, 2014, 5 local people from Kyaukphyu including a health worker were arrested by the junta with suspected ties to Arakan Army (AA).
3. U Kyaw Than Zan, brother-in-law of AA leader Twan Mrat Naing, was arrested on March 11, 2014, at Yangon Airport and lost contact with family. His house and relatives' houses were seized by the junta.
4. On February 2, 2024, 6 students including Arakan students from GTI in Insein Township, Yangon were forcibly arrested by the military forces of 7 trucks and around 20 troops.
5. On January 27, 2024, a CDM doctor and 3 nurses from Ziwa Thukha Clinic, Kamarkyi Housing in Ward-8 Tharketa Township, Yangon, were abducted by the military junta.
6. On January 25, 2024, 34-year-old Ko Kyaw Soe from Taung Bo quarter, Thar Hla Pin Si Village, Paungde Township, West Bago, was arrested and lost contact with family members.

The following cases depict that the military junta and their affiliated groups are unlawfully arresting activists, CDM members, and civilians for various reasons and accusations.

## 2.2 Further Human Rights Violations on Recruiting New Soldiers Related to Forced Military Conscription and Conscription Law

After the military announced the enforcement of the Conscription Law on February 10, they announced that it would be implemented after April. However, before the announcement was made, name lists were taken to form a militia and recruit new soldiers in some areas, village

administrators were pressured to recruit new soldiers and forcibly arrest for the new recruitment.

In addition, the military has committed further human rights violations while implementation of the Conscription Law. During the reporting period, 50 cases of human rights violations have been documented such as restriction of freedom of movement, torture, killing, threatening, and extortion, including 34 cases of forced conscription related to the Conscription Law.

The military continues to commit violations against people particularly young people for forced conscription by entering the home, public spaces like tea shops, checkpoints, and forcibly abducting on the bus. Under the reason of conscription law, the military extorts money and those who are unable to pay were taken to the recruiting camp.

In addition, after selection for conscription, the military junta has continued committing gross human rights violations including arbitrary arresting, torture, killing, missing without contact, and restricting travel, each village in various parts of the country is given a set of population list for new recruitment and threaten to burn villages if they are unable to give the name list. In some places, the junta openly committed violations such as forcibly abducting a large number of young people along with the army for the new recruitment. Such proof of violations can be seen in the following cases:

1. **Nattalin Township, Bago Region** – On January 5, 2014, in Nattalin Township, Bago Region, the military asked the village administrator to provide 10 men aged between 18 to 55 from each village.
2. **Patheingyi Township, Mandalay Region** – On February 14, 2024, in the evening on the Mandalay-Pyinoolwin highway in Ohn Chuang Village Tract, Pathein Gyi Township, Mandalay Region, 35 young people from Amay Sel Daw village and Tamote Soe Village were abducted for the new recruitment at mid-night.
3. **Mayangone, Township, Yangon Region** – On March 27, 2024, in the evening at Thamine Myothit Ward-1, Mayangone Township, 12 people including a father of 3 children were arrested at their home by administrator, police, and gangs for the new recruitment.
4. **Taikkyi Township, Yangon Region** – On March 31, 2024, Amanut Lar, a Muslim man from MeeLaung Sakhan Village, Okkan City, Taikkyi Township, Yangon Region was conscripted and tortured to death in the army camp.
5. **Myitkyina Township, Kachin State** – On February 16, 2024, Burmese military troops abducted 30 years old and 36 years old men from the bus on the Lido Highway, Hpakant-Myitkyina Road at Marang Ka Htaung check-point.
6. Hakha Township, Chin State – On February 12, 2024, a CDM school teacher from Matupi, Chin State who was teaching displaced children from Mizrom, in Hakha Town, was unjustly arrested by the military council and missing information whereabout.

7. **Sagaing Township, Sagaing Region** – On March 29, 2024, in Sagaing Township, Sagaing Region, about 50 people who returned from work on the Sagaing-Minkun Road were arrested by the military gate on the bridge. They were forced for a ransom of 500,000 Kyat for each person. Those who are not able to pay are taken to the army camp.
8. **North Okkala Township, Yangon Region** – On February 20, 2024, in Yangon, the military arrested 3 passenger cars that were leaving from Yangon Aung Mingalar Expressway heading to Rakhine State. They released monks and women from the car. It is known from the parents and relatives of those arrested, that all male passengers who hold Rakhine identity cards were detained and not released for 5 days.

Additionally, the military brought those who won the lottery for military service to undergo medical check-ups at Mingaladon Orthopedic Examination Center. The military forcibly confiscated all mobile phones of those who remained for medical examination and those who completed medical examination were not allowed to return to family. Those remaining people for medical examination were detained and continued to undergo medical examination. According to sources from online media monitoring and data sources from the ground, they are completely cut off from contact with families.

## 2.3 Extrajudicial Killing

As one of the grave human rights violations committed by the military forces on civilians, arbitrary killings continue to have tremendous impacts on the lives of Myanmar people. In this quarterly reporting period, a total of 367 cases of arbitrary killings were documented across the country including death from airstrikes and firing. The Sagaing Region has the most incidents with 97 cases. The following cases exemplify how the military completely disregards international laws and continues committing violence against innocent civilians including children and elderly persons as their enemy. There are also cases of crimes committed by the Anti-military groups and unknown armed groups.

1. On January 18, 2024, junta forces of around 85 troops raided Mae Oh Village, Depayin Township from Ye Oo Township and arrested 15 people as human shields. When they arrived at the Let Yet Kone village, among 15 arrested villagers, they brutally killed 3 men and 1 woman by beheading and cutting legs and arms. They put the dead body of the woman into the hut and burnt it. Among arrested civilians on January 24, the dead body of Ko Zin Min Nyunt (aka) Thar Pu from Mae Oh Village was found near Pitakatkya Village and a total of 5 people were killed. The rest of the 9 people were taken as human shields and 4 people were released. The remaining 5 people are still unknown until today.
2. On February 14, 2024, about 200 military troops and Pyu Saw Htee burnt and killed two resistance fighters in Myout Khin Yann Village, Gangaw Township, Magway Region. Then, 10 people were killed in a massacre by shooting in the head at Thin Taw Village, Shwebo Village, and Ye Thar Village. Moreover, junta troops and Phyu Saw Htee arrested 4 people (male) and burnt down 30 houses in Thin Daw Village, and 6 houses in Shwebo Village.

3. In the evening of February 4, 2024, in Sharr Taw Township, Karenni State, the military troop was heading to the displaced location and took 7 people including a man, a pregnant woman, and children as hostage. On February 5, 3 people including 3 pregnant women and 3 children were shot and a man escaped.
4. On February 12, 2024, in Kyaukse Township, Mandalay Region, it was reported that two people including an administrator, who were returning from the ally to support the military Conscription Law, were shot and one person died at the entrance of Balae Village.
5. On February 16, 2024, in Kyaukkyi Township, Nyaunglebin District, 3 men and 3 women were killed by an unknown armed group.
6. On March 10, 2024, a man from Myat San Gyi village, Thaton Township, Mon State, was shot dead by an unknown group.

## 2.4 Torture and Other Inhuman Treatment

Myanmar military continues to heavily rely on torturing, beating, and other forms of atrocious treatment to the civilian population to suppress anti-military movement, and instill terror among the public. During the atrocity campaigns, the military soldiers deploy various torturing methods that appear to be inhumane treatment to inflict insufferable pain on their subjects or victims. The commonly found deadly methods include immolation, beheading, stabbing, bludgeoning, and dismembering. The following two incidents highlight how the military soldiers and their affiliated militias tortured or treated civilians inhumanly, disregarding the human dignity of all victims involved.

Between January 1 and March 31, 2024, 27 cases of torture and inhuman treatment and 17 cases of arson have been documented. Most cases occurred in the Sagaing Region followed by Mandalay as second and Magwe as third highest violations. The following incidents highlight how military troops and their subordinate groups have tortured or inhumanly treated civilians with completely no regard for human dignity.

1. On February 9, 2024, a military convoy from Mattara Town, Mandalay Region arrested a 50-year-old, Daw Mu from Ahlae Village. Three days later, her body was found with her hands tied in the back and her right cheek gaping open with a wound in the forest of Okkin Village.
2. On January 23, 2024, soldiers from battalion No.258 and Phyu Saw Htee patrolling near Pa-nyin Village, Yesagyo Township, and arrested two brothers who returning from Pa-nyin's new ward. They were beaten and older brother was tortured to death and the body was burnt overnight in the tent.
